# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၀၃)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ၃-၁၀-၂၀၂၄၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာအသိပညာများ တိုးပွားလာစေရန် ရည်ရွယ်၍ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**စုံစမ်းစစ်ဆေးအရေးယူ**

ဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၂၂-၂၀၂၅)ကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာဗျူဟာစီမံချက်တွင် တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းလုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို စာမျက်နှာ ၁၃ သို့ ❑




## နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အောက်တိုဘာ ၆ ရက်နေ့အထိ နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့် လည်းကောင်း၊ စာမျက်နှာ ၁၃ သို့ ❖


ပြည်လုံးကျွတ်သန်းခေါင်စာရင်း တတိယနေ့ ကောက်ယူနေပါသည်။

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ၃ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# စိမ်းလန်းစိုပြည်သော သဘာဝအလှတရားများ ဖန်တီးပေးရမည်

သန့်ရှင်းလှပသော သဘာဝပတ်ဝန်းကျင်သည် လူသားတို့ကို စိတ်ရွှင်လန်းစေရုံသာမက ကျန်းမာရေးအတွက်လည်း အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် လူသားတို့ကလည်း မိမိတို့၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြုပြင်ကာ လှပအောင်ပြုလုပ်ရမည်ဖြစ်သည်။ မိမိတို့ ကမ္ဘာမြေကြီး စိမ်းလန်းစိုပြည်ရေးသည် လူသားတိုင်းအတွက် တာဝန်ရှိသော အရာပင်ဖြစ်သည်။ မိမိတို့နေထိုင်သော ပတ်ဝန်းကျင်ကို သာယာအောင်၊ စိုပြည်သည်ထက် ပိုမိုစိုပြည်လာအောင် ကြိုးပမ်းရင်း လူသားတို့၏ တန်ဖိုးမှာ မြင့်တက်လာမည်ဖြစ်သည်။

သဘာဝသယံဇာတများ၊ မြေအရင်းအမြစ်များ၊ ရေအရင်းအမြစ်များ၊ သစ်တောအရင်းအမြစ်များ စသည့်တို့ကို ထိန်းသိမ်းခြင်းသည်လည်း သဘာဝပတ်ဝန်းကျင်အလှကို ထိန်းသိမ်းခြင်းလည်းဖြစ်သည်။ စိမ်းလန်းမှုစိုပြည်၊ စိုပြည်မှ ရွှင်လန်း၊ ရွှင်လန်းမှ ကျန်းမာ၊ ကျန်းမာမှ ချမ်းသာခြင်း အစစ်ကို ရယူနိုင်မည်ဖြစ်သည်။

ပတ်ဝန်းကျင်တွင် သဘာဝအလှတရားများစွာရှိသည်။ သဘာဝပတ်ဝန်းကျင်အလှတရားများကို ကြည့်ရှုခံစားတတ်သူများသည် လာဘ်တစ်ခုကို ရရှိသကဲ့သို့ ရွှင်လန်းနိုင်မည်ဖြစ်သည်။ သဘာဝအလှကို ကြည့်မြင်သူတို့အဖို့ နေ့တစ်နေ့၏ အချိန်တိုင်း၌ သဘာဝအလှတို့ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ နံနက်ခင်းချိန် ကျေးငှက်များ၏ တေးဆိုသံသည်လည်းကောင်း၊ နေ့လယ်ခင်း၏ နေရောင်ခြည်ကို ကြံ့ကြံ့ခံကာ ရပ်တည်နေသော သစ်ပင်ကြီးများသည်လည်းကောင်း၊ ညနေခင်း၌ နေဝင်ချိန်ဆည်းဆာအလှ၊ ညဘက်တွင် လမင်းနှင့် ကြယ်များ စသည်တို့သည်လည်းကောင်း သဘာဝပတ်ဝန်းကျင်အလှများဖြစ်သည်။

မိမိတို့နိုင်ငံသည် သယံဇာတများအပါအဝင် စိမ်းလန်းစိုပြည်သောသဘာဝအလှများစွာ ရှိနေပါသည်။ သို့သော်လည်း လူသားတို့ကပင် ထိုအလှများကို မသိမသာချို့ယွင်းပျက်စီးအောင်ပြုလုပ်နေကြသည်။ ထင်းအတွက် သစ်ခုတ်ရာမှ သစ်တောများ ပြုန်းတီးလာပြီး ယနေ့ကမ္ဘာ့ရာသီဥတုများအထိ ဖောက်ပြန်လာသည်ကို လက်တွေ့ခံစားနေရပြီဖြစ်သည်။ သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရေးအတွက် သဘာဝဘေးမဲ့ဥယျာဉ်နှင့် သစ်တောများကို နိုင်ငံတစ်ဝန်း စိုက်ပျိုးထူထောင်လျက်ရှိသည်။ နိုင်ငံတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပလျက်ရှိသည်။

ယခုအခါ ထင်းအစားထိုးလောင်စာများ တီထွင်ပေးခြင်း၊ ထင်းစိုက်ခင်းများအကောင်အထည်ဖော်ပေးခြင်း၊ သစ်တောဥပဒေများပြဋ္ဌာန်းကာ သစ်တောများ တရားမဝင်ခုတ်လှဲခြင်းတို့ကို တားမြစ်ခဲ့သည်။

သို့ဖြစ်ရာ ''ဥတုရာသီတောကိုမှီ''ဟု ဆိုသကဲ့သို့ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်၏ ရာသီဥတု၏ မှန်ကန်မှုအတွက် သစ်တော၊ သစ်ပင်များမှာ လွန်စွာအရေးပါလျက်ရှိရာ မျိုးဆက်သစ်လူငယ်များအနေဖြင့် သဘာဝပတ်ဝန်းကျင်အလှတရားကို မပျက်စီးအောင်ထိန်းသိမ်းရမည်ဖြစ်သည်။ မိမိတို့၏ နောင်လာနောင်သားများ ကောင်းစားရေးအတွက် သစ်ပင်၊ ပန်းမန်များစိုက်ပျိုးခြင်းဖြင့် စိမ်းလန်းစိုပြည်သော သဘာဝအလှတရားများကို ဖန်တီးပေးရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်



**မန္တလေး အောက်တိုဘာ ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၂)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များထောက်ပံ့ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနတွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၂)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက်(၂၀၀)စည်း၊ ခရမ်းသီး(၁၆၆)ထုပ်၊ ဒန့်သလွန်သီး (၃၀)စည်း၊ ဘူးညွှန့်(၃၇)စည်း၊ ဖရုံညွှန့်(၂၅)စည်း၊ မယ်ဇလီဖူး(၁၅၆)ထုပ်၊ ဘူးသီး(၂၀)လုံးတို့ကို စီမံရေးရာဌာနမှ ဝန်ထမ်း(၉၅)ဦး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဝန်ထမ်း(၁၄၂)ဦးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ထမ်း (၄၅)ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနစုမှူး ဒေါ်ရွှေရည်ဝင်း၊ ဒေါ်စန္ဒာဝင်းနှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး




ကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။ **(ဝဲပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှ စတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# ကမ္ဘာ့တိရစ္ဆာန်များနေ့တွင် မြို့တော်စည်ပင်သာယာအောက်ရှိ သားသတ်ခြင်းနှင့် ရောင်းချခြင်း ရပ်နား

**မန္တလေး အောက်တိုဘာ ၂**

အောက်တိုဘာ ၄ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့တိရစ္ဆာန်များနေ့၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနအောက်ရှိ သားသတ်ရုံများတွင် သားသတ်ခြင်းနှင့် ဈေးများတွင် ရောင်းချခြင်းတို့ကို ရပ်နားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနမှ တာဝန်ရှိသူက ပြောသည်။

ဈေးနှင့် သားသတ်ဌာနအောက်ရှိ သားသတ်ရုံများမှ နွား၊ ဝက်နှင့် ဆိတ်တို့ကို အသားအဖြစ် ထုတ်လုပ်ခြင်းကို တားမြစ်ခြင်းဖြစ်ပြီး အခြားသော အသားများ မပါဝင်ဟု ဆိုသည်။

''ကမ္ဘာ့တိရစ္ဆာန်များနေ့က နှစ်စဉ် အောက်တိုဘာ ၄ ရက် နေ့ဖြစ်ပါတယ်၊ အဲ့ဒီနေ့မှာ မြို့တော်စည်ပင်သာယာအောက်မှာ ရှိတဲ့ သားသတ်ရုံတွေမှာ သားသတ်တာ ရပ်နားထားမှာဖြစ်သလို ဈေးတွေမှာလည်း ရောင်းချတာ ခွင့်မပြုပါဘူး။ တစ်ခုရှိတာက အရင်နေ့ လက်ကျန်ရောင်းတာမျိုးလောက်ပဲ ခွင့်ပြုမယ်''ဟု ၄င်းက ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနအနေဖြင့် ကမ္ဘာ့တိရစ္ဆာန်များနေ့တွင် သားသတ်ခြင်းနှင့် ဈေးများတွင် ရောင်းချခြင်းတို့ကို နှစ်စဉ် ရပ်နားလေ့ရှိသည့်အပြင် မြန်မာနှစ်သစ်ကူးနှစ်ဆန်းတစ်ရက်နေ့၊ ကဆုန်လပြည့်နေ့၊ ဝါဆိုလပြည့်နေ့၊ သီတင်းကျွတ်လပြည့်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့နှင့် တပေါင်းလပြည့်နေ့များတွင်လည်း ယခုကဲ့သို့ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

ဆက်လက်ပြောကြားရာတွင် ''လူသားတွေအတွက် အာဟာရစားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းတာဖြစ်ပေမယ့် တစ်ရက်ဆိုတစ်ရက် တိရစ္ဆာန်တွေကို ငဲ့ညှာသောအားဖြင့် ခုလိုပြုလုပ်တာဖြစ်ပါတယ်။ အသိပေးကြေညာထားတဲ့အတိုင်း လိုက်နာကြဖို့နဲ့ မလိုက်နာရင် အရေးယူတာမျိုး ဆောင်ရွက်မှာပါ''ဟု ပြောကြားခဲ့သည်။

**(မန္တလေးနေ့စဉ်-၉)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြန်အောင်ခရိုင်အတွင်းရှိ မိုးစပါးရေကြီးနစ်မြုပ်ဧရိယာများအား မိုးစပါး၊ မိုးနေကြာစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေး



ပုသိမ် အောက်တိုဘာ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်အောင်ခရိုင်အတွင်းရှိ မိုးစပါးရေကြီးနစ်မြုပ်ဧရိယာများအား မိုးစပါးပြန်လည်စိုက်ပျိုးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

## ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် အောက်စုကျေးရွာရှိ တောင်သူ ဦးတင်ထွန်း၏ မိုးစပါးရေကြီးနစ်မြုပ်ဧရိယာ စိုက်ဧက ၂ဒသမ ၅၀ ဧကတွင် ဖျော့ထွန်းစပါးမျိုးအား ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ကညင်ငူကျေးရွာရှိ တောင်သူ ဦးအောင်စိုး၏ ယာမြေတွင် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့ထုတ် ငါးဧကစိုက်ပျိုးပွဲကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ကဗွန်းခုံကျေးရွာအုပ်စုရှိ ဆီထွက်သီးနှံ အထူးဇုန်မြေပဲ၊ နှမ်း၊ နေကြာဧက ၃၅၀ စိုက်ခင်းရှိ တောင်သူ ဦးမိုးကျော်သူ၏ မိုးနေကြာ (ဆင်းရွှေကြာ-၂)နှင့် မိုးမြေပဲ (မကွေး-၁၂) စိုက်ခင်း၊ တောင်သူ ဦးအေးလင်း၏ မိုးနေကြာ (ဆင်းရွှေကြာ-၂) စိုက်ခင်း၊ တောင်သူ ဦးမြင့်အောင်၏ မိုးနှမ်း (စမုန်နက်)စိုက်ခင်းတွင် ပေါင်းလိုက်ခြင်း၊ သမန်းနှီးခြင်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။(အပေါ်ပုံ)

ထို့နောက် မြန်အောင်မြို့ သဘာဝမီးစက်လမ်းရှိ "ကောင်းသန့်" ဆီစက်သို့ သွားရောက်၍ မြေပဲ၊ နေကြာဆီများ ကြိတ်ခွဲထုတ်လုပ်မှု၊ ကုန်ကြမ်းရရှိမှု၊ ဈေးကွက်ရရှိမှုအခြေအနေများ၊ ယခင်နှစ်များထက် နေကြာဆီပိုမိုကြိတ်ခွဲရရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်အောင်မြို့ အမှတ်(၄) ရပ်ကွက်၌ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသားဘာသာရပ်သင်ဆရာ ဆရာမများက Tablet များဖြင့် တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်း ကောက်ယူနေမှု၊ ပြည်သူများက စိတ်ပါဝင်စားစွာ ဖြေကြားနေမှုများကို ကြည့်ရှုအားပေးသည်။

## အမှာစကားပြောကြား

ဆက်လက်၍ မြန်အောင်မြို့ အောင်ဇေယျအားကစားခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သန်းခေါင်စာရင်း ကောက်ယူခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် မူဝါဒများချမှတ်နိုင်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသောစီမံကိန်းဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ ကျရာအခန်းကဏ္ဍ၌ မိမိတို့တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များမှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ကြသည်။ **သတင်းစဉ်**

## ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့က အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)ကို ကျင့်သုံး၍ အပ်နှင်းသောအမိန့်အရ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် အမိန့်အမှတ် (၃၂/၂၀၂၄)ကို ၁၃-၃-၂၀၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် စိစစ်ခွင့်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် ရယူထားသူသည် အမိန့်အမှတ် (၃၂/၂၀၂၄) အရ မိမိတို့ လွှင့်တင်မည့် Content များအား စိစစ်ရေးအဖွဲ့ထံသို့ ဦးစွာတင်ပြခွင့်ပြုချက်ရယူရမည် ဖြစ်ပါသည်။

သို့ရာတွင် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် ရယူထားသော TRUST Entertainment သည် စိစစ်ရေးအဖွဲ့သို့ တင်ပြထားခြင်းမရှိသော ဆင်ဆာမူနှင့်ငြိစွန်းသည့် ဗီဒီယိုဖိုင်တစ်ဖိုင်ကို လွှင့်တင်ထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့အတွက် TRUST Entertainment ကို စည်းမျဉ်းစည်းကမ်းများ မလိုက်နာသဖြင့် ၎င်း၏ လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို ယာယီရုပ်သိမ်းထားပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး စိစစ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူပြီးသူများအနေဖြင့် မိမိတို့လွှင့်တင်သည့် Content များကို စိစစ်ရေးအဖွဲ့ထံ တင်ပြနိုင်ရေးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားခြင်းမရှိသောသူများအနေဖြင့်လည်း ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**



## အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၈)နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၀၀) သင်တန်းဆင်း

နေပြည်တော် အောက်တိုဘာ ၂

အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်းအမှတ်စဉ်(၈)နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၀၀) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်း ဆင်းပွဲသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က သင်တန်းအလိုက် ဆုရရှိသူများကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက်၊ ရာထူးအဆင့်အလိုက် စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်တတ်စေရန်၊ ခိုင်မာအားကောင်းပြီး စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများ ဖြစ်လာစေရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်သို့ ဝင်ရောက်၍ ပြည်သူ့ဝန်ကို ထမ်းဆောင်ကြရာတွင် နိုင်ငံသားတိုင်းလိုက်နာရမည့် စည်းကမ်းများနှင့် စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာရန်၊ နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်အပါး(၃၀)ကို မြဲမြံစွာစောင့်ထိန်းလိုက်နာခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၈)သို့ သင်တန်းသား ၁၆၂ ဦး၊ သင်တန်းသူ ၅၆ ဦးနှင့် အရာထမ်းငယ် သင်တန်းအမှတ်စဉ် (၁၀၀) သို့ သင်တန်းသား ၁၃၂ ဦး၊ သင်တန်းသူ ၂၀၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေး-ရန်ကုန် ရထားများ အောက်တိုဘာ (၃) ရက်တွင် စတင်ပြေးဆွဲမည်

**မန္တလေး အောက်တိုဘာ ၂**

စက်တင်ဘာလအတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် ရထားလမ်းပိုင်းများပျက်စီးကာ ရပ်နားခဲ့ရသော မန္တလေး-ရန်ကုန် ရထားများကို ပြန်လည်ပြေးဆွဲတော့မည်ဖြစ်သည်။ အမှတ်(၁) အဆန်၊ အမှတ်(၂)အစုန် ရန်ကုန်-မန္တလေးစာပို့ရထား၊ အမှတ်(၁၁) အဆန်၊ (၁၂)အစုန် ရန်ကုန်-မန္တလေး အမြန်ရထားတို့ကို လာမည့် အောက်တိုဘာ ၃ ရက်မှ စတင်ကာ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပြီး လေအိတ်တွဲဆိုင်းများဖြင့် ပြေးဆွဲပေးနေသော ရန်ကုန်-မန္တလေးအထူးရထားပါဝင်မည် မဟုတ်သေးကြောင်း သိရသည်။ လက်ရှိတွင် မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းကို ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ရာ ရန်ကုန်-မန္တလေး ခရီးစဉ်အတွက် ရိုးရိုးတန်း ၁၂၀၀၀ ကျပ်၊ အထက်တန်း(နေ့) ၂၁၀၀၀ ကျပ်၊ အထက်တန်း(ည) ၂၄၀၀၀ ကျပ်ဖြစ်ပြီး ရိုးရိုးတန်းလက်မှတ်များကို တစ်ရက်ကြိုတင်ပြီးသော်လည်းကောင်း၊ အထက်တန်းလက်မှတ်များကို သုံးရက်ကြိုတင်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ရေဘေးသင့်သူများအတွက် ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက ထောက်ပံ့လှူဒါန်းသည့် အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို တိုင်းဒေသကြီးအတွင်း ခရိုင် ၄ ခုရှိ ရေဘေးသင့်သူများထံသို့ ထောက်ပံ့ပေးအပ်

မန္တလေး စက်တင်ဘာ ၂

ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး ထိခိုက်ပျက်စီးမှုများပြားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက ထောက်ပံ့လှူဒါန်းသည့် အခြေခံစားသောက်ကုန်များနှင့် အဝတ်အထည်များကို မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တံတားဦးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်ရှိ မြို့နယ်များသို့သွားရောက်ပြီး ရေဘေးသင့်သူများနှင့် တွေ့ဆုံအားပေးစကားများပြောကြား၍ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ကြီးကြပ်မှုအဖွဲ့တို့၏ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ကြီးကြပ်မှုအဖွဲ့တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်မှုအခမ်းအနားများကို တံတားဦးခရိုင်တွင် တံတားဦးမြို့နယ်ခန်းမ၌လည်းကောင်း၊ ကျောက်ဆည်ခရိုင်တွင် ကျောက်ဆည်မြို့နယ်စုဝေးခန်းမ၌လည်းကောင်း၊ မြစ်သားမြို့နယ်ရှိ ကူမဲမြို့ ရွှေဘုံသာဇိမာန်တွင်လည်းကောင်း၊ မိတ္ထီလာခရိုင်တွင် သာစည်မြို့နယ်စည်ပင်သာယာခန်းမ၌လည်းကောင်း၊ ရမည်းသင်းခရိုင်တွင် သီလဝါခန်းမ၌လည်းကောင်း ကျင်းပခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်မှု အခမ်းအနားများ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်သူများနှင့် တွေ့ဆုံအားပေးစကားများပြောကြားရာတွင် နိုင်ငံတော်က ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး ထိခိုက်ပျက်စီးမှုများပြားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးသင့်သူများအားထောက်ပံ့ပေးအပ်သည့် ဆန်အိတ်များ၊ စည်သွတ်ဘူးများနှင့် ခေါက်ဆွဲခြောက်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက ထောက်ပံ့လှူဒါန်းသည့် အခြေခံစားသောက်ကုန်များနှင့် အဝတ်အထည်များကို ရေဘေးသင့်သူများထံလာရောက်ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နေပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများသည် တားဆီး၍မရသော်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများလည်း များစွာလိုအပ်ပါကြောင်း၊ ကျန်းမာရေးကို အထူးဂရုစိုက်သွားကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးသီးနှံများရေနစ်မြုပ်ကာ ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ သီးနှံများအချိန်မီ ပြန်လည် အစားထိုးစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများပုံမှန်အတိုင်းပြန်လည်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်နေပါကြောင်း ပြောကြားခဲ့သည်။

ယင်း အခမ်းအနားများ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ကြီးကြပ်မှုအဖွဲ့တို့၏ နာယကနှင့်အဖွဲ့ဝင်များက အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် စည်သွတ်ဘူးနှင့်ခေါက်ဆွဲခြောက်များ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ရေဘေးသင့်၍ သေဆုံးသွားသူများအား ထောက်ပံ့ငွေများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူများနှင့်ပုံစံ(၆၆/၆)မိတ္တူများ၊ မျိုးစေ့များ၊ သဘာဝမြေဩဇာများ၊ စိုက်ပျိုးရေးသုံးဆေးဖျန်းပုံးများ၊ သဘာဝရွက်ဖျန်းဓာတ်မြေဩဇာများ၊ ငါးသားပေါက်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်စေတနာရှင်အလှူရှင်များက ထောက်ပံ့လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများ၊ ရေသန့်ဘူးများ၊ အဝတ်အထည်များအား ရေဘေးသင့်သူများနှင့် တာဝန်ရှိသူများထံပေးအပ်ပြီး ရေဘေးသင့်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဘေးသင့်သူများကို လိုက်လံနှုတ်ဆက် အားပေးစကားများပြောကြားခဲ့သည်။

ယနေ့ထောက်ပံ့ပေးအပ်သည့် အခမ်းအနားများ၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်မှုအနေဖြင့် တံတားဦးခရိုင် တံတားဦးမြို့နယ်မှ အိမ်ထောင်စု ၉၁၀ စု ၊ လူဦးရေ ၃၃၆၈ ဦး၊ ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြစ်သားမြို့နယ်တို့မှ အိမ်ထောင်စု ၃၂၆၈၇ စု၊ လူဦးရေ ၁၃၀၅၇၅ ဦး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်တို့မှ အိမ်ထောင်စု ၁၀၆၆၁ စု၊ လူဦးရေ ၄၈၅၆၇ ဦး၊ ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့မှ အိမ်ထောင်စု ၁၀၄၃ စု၊ လူဦးရေ ၄၂၀၇ ဦး စုစုပေါင်း အိမ်ထောင်စု ၄၅၃၀၁ စု၊ လူဦးရေ ၁၈၆၇၁၇ ဦးအတွက် စုစုပေါင်း ဆန် ၆၃၁၇ အိတ်၊ စည်သွတ်ဘူး ၉၆၂၅၄ ဘူး၊ ခေါက်ဆွဲခြောက်ထုပ် ၁၉၈၅၂၇၀ ထုပ်၊ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၄၀ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၁ သိန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် သိန်း ၁၅၄၀ ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များမှ စားသောက်ကုန်များ၊ အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









သတင်း-စာမျက်နှာ ၄




ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်
ကျောက်ဆည်မြို့


ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ခြင်း
အခမ်းအနား
၂-၁၀-၂၀၂၄








ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ခြင်း
၂-၁၀-၂၀၂၄



သတင်း-စာမျက်နှာ ၄


















သတင်း-စာမျက်နှာ ၄


















## အသက် ၆၂ နှစ်အရွယ် ကလော်ဒီယာရှိန်ဘောင်းမ် မက္ကဆီကိုသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆို



**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂**

၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် အသက် ၆၂ နှစ်အရွယ် ကလော်ဒီယာရှိန်ဘောင်းမ် အောက်တိုဘာ ၁ ရက်က မက္ကဆီကိုသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စပိန်ကိုလိုနီဘဝမှ လွတ်မြောက်ကာ လွတ်လပ်ရေးရရှိပြီးနောက် မက္ကဆီကိုနိုင်ငံတွင် သမ္မတ ၆၅ ဦး အာဏာရခဲ့ကာ အားလုံးအမျိုးသားများဖြစ်ခဲ့ပြီး ကလော်ဒီယာရှိန်ဘောင်းမ်သည် ၆၆ ဦးမြောက် မက္ကဆီကို အမျိုးသမီးသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုကာ သမိုင်းမှတ်တိုင်သစ် စိုက်ထူခဲ့ခြင်း ဖြစ်သည်။

မက္ကဆီကိုမြို့တော်ဝန်ဘဝမှ နိုင်ငံတော်သမ္မတအဖြစ် အာဏာရခဲ့သော ကလော်ဒီယာရှိန်ဘောင်းမ်သည် ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တစ်ဦးလည်း ဖြစ်သည်။

မြို့တော်ဝန်တာဝန်ထမ်းဆောင်စဉ်က မြို့တွင်းရာဇဝတ်မှုထူပြောသော ပြဿနာကို ဖြေရှင်းရန် ရဲအရာရှိများကို လစာများတိုးမြှင့်ပေးခြင်း၊ ဆုကြေးများထိုက်တန်စွာချီးမြှင့်ပြီး ပြုပြင်ပြောင်းလဲခဲ့ရာ ၄င်းအနေဖြင့် အထူးအောင်မြင်မှုရခဲ့သည်။

သက်တမ်းကုန်ဆုံးသွားသော သမ္မတ လိုပက်ဇ်အိုဘရာဒေါ်၏နေရာတွင် ၄င်း အာဏာရကာ သမ္မတရာထူးတာဝန်ထမ်းဆောင်လျှင် မက္ကဆီကိုနိုင်ငံ၌ ထူးခြားစွာပြောင်းလဲတိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။ **Mon**

## ဂျပန်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မိတ်ဆက်ပေးရန် ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘ သတင်းစာရှင်းလင်း

**တိုကျို အောက်တိုဘာ ၂**

အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်မိတ်ဆက်ပေးရန် ဂျပန်ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘ အောက်တိုဘာ ၁ ရက်က တိုကျိုမြို့တော်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကာကွယ်ရေးဝန်ကြီးဟောင်းဘဝမှ အာဏာရအယ်လ်ဒီပီပါတီဥက္ကဋ္ဌရွေးကောက်ပွဲတွင် အနိုင်ရခဲ့ရာမှ ဝန်ကြီးချုပ်ဖြစ်လာသော အသက် ၆၇ နှစ်အရွယ် ရှိဂေးရုအိရှိဘသည် ကာကွယ်ရေးဝန်ကြီးဟောင်းတစ်ဦးဖြစ်သော တကေးရှိအိဝယကို နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဗိုလ်ချုပ်နကတနိကို ကာကွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ယောဂျုမုတောကို စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ်လည်းကောင်း အသီးသီးခန့်အပ်ခဲ့သည်။

အကျင့်ပျက်ခြစားမှုများကြောင့် အများအားပေးထောက်ခံမှု ကျဆင်းလာသော အယ်လ်ဒီပီပါတီကို ဝေဖန်ထောက်ပြကာ ပြုပြင်ပြောင်းလဲသွားမည်ဟု ရွေးကောက်ပွဲကတိကဝတ်ပြုခဲ့သော ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘကို ၄င်း၏ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းထောက်များက မေးမြန်းခဲ့ကြသည်။

ရှိဂေးရုအိရှိဘ ဝန်ကြီးချုပ်အဖြစ် အာဏာရလာသည်ကို အတိုက်အခံနိုင်ငံရေးအင်အားစုဝင်အများစုက လိုလားမှုပြသခဲ့ကြကြောင်း သိရသည်။ **Mon**




## အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ ဓာတ်ရထားများကို ခရီးသည်တင်ယာဉ်အဖြစ်မှ ဖျက်သိမ်းရန် စီစဉ်ထား

**ဒေလီ အောက်တိုဘာ ၂**

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ ဓာတ်ရထားများကို ခရီးသည်တင်ယာဉ်အဖြစ်မှ ဖျက်သိမ်းရန် စီစဉ်ထားသည်ဟု အနောက်ဘင်္ဂလားနယ် အုပ်ချုပ်ရေးအဖွဲ့က ထုတ်ဖော်ကြေညာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့ ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် ဓာတ်ရထားနှစ်သက်သူများက ကာလကတ္တားမြို့ထဲ၌ စုဝေးကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

၂၀၂၃ ခုနှစ်က နှစ် ၁၅၀ ပြည့်မြောက်ခဲ့သော ကာလကတ္တားဓာတ်ရထားများ၏ ကြီးမားသောသမိုင်းအစဉ်အလာကို အသိအမှတ်ပြုသည့်အနေဖြင့် ဓာတ်ရထားလိုင်း တစ်လိုင်းချန်ထားကာ ပုံမှန်ပြေးဆွဲပေးသွားမည်ဟု အနောက်ဘင်္ဂလားနယ် ပို့ဆောင်ရေးဝန်ကြီး စနေဟာဆစ်ချကရာဘော်တီက ရှင်းလင်းပြောကြားခဲ့သည်။

ကာလကတ္တားမြို့တွင် ဓာတ်ရထားအကြို မြင်းဆွဲရထားကို ၁၈၇၃ ခုနှစ်က စတင်ပြေးဆွဲကာ ခရီးသည်များကို ပို့ဆောင်ပေးခဲ့သည်။ ထို့နောက် လျှပ်စစ်ဓာတ်အားလိုင်းများ၊ သံလမ်းများတည်ဆောက်ပြီးနောက် ထိုမြို့တွင် ဓာတ်ရထားများ ပေါ်ထွန်းလာခဲ့သည်။

၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် ယင်းကဲ့သို့ သမိုင်းအစဉ်အလာကြီးမားသော ဓာတ်ရထားများပြေးဆွဲသည့် လမ်းပိုင်းသုံးခုသာ ကာလကတ္တား၌ ကျန်တော့ကြောင်း သိရသည်။ **Mon**






## နီပေါနိုင်ငံတွင် ရေဘေးကယ်ဆယ်ရေးနှောင့်နှေးသဖြင့် လူအသေအပျောက်ပမာဏ ၂၁၈ ဦးအထိ မြင့်တက်လာ

**ခတ္တမန္ဒူ အောက်တိုဘာ ၂**

နီပေါနိုင်ငံတွင် ရေဘေးကယ်ဆယ်ရေးနှောင့်နှေးသဖြင့် လူအသေအပျောက်ပမာဏ ၂၁၈ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစိုးရနှင့် အရပ်ဘက်စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ခတ္တမန္ဒူမြို့တော်ပတ်ဝန်းကျင်တွင် ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်ခဲ့သော်လည်း ဝေးလံသောတောင်ပေါ်ဒေသများသို့ သွားရောက်ရန် နှောင့်နှေးခဲ့ရာမှ အများစုမှာ မြေပြိုမှုများကြောင့် သေဆုံးခဲ့ရကြောင်း ဒေသခံများက ထုတ်ဖော်ပြောကြားသည်။

ယခင်အပတ်နှောင်းပိုင်းက နီပေါနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ၂၄ နာရီအတွင်း မိုးရေချိန် ၂၄၀ မီလီမီတာအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ **Mon**

**STOP AIDS**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာ အသက် ၁၀၀ ပြည့်မွေးနေ့၌ ကျန်းမာနေဆဲ



**ဝါရှင်တန် အောက်တိုဘာ ၂**

အောက်တိုဘာ ၁ ရက်က အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာ အသက် ၁၀၀ ပြည့်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျော်ဂျီယာပြည်နယ်ရှိ ၄င်း၏ စောင့်ရှောက်ရေးစခန်းတွင် ကျင်းပသော မွေးနေ့ပွဲ၌ ၄င်းကို ကျန်းမာစွာဖြင့် တွေ့ရကြောင်း မြေးဖြစ်သူ ဂျေဆင်ကာတာက ထုတ်ဖော်ပြောကြားသည်။

ဂျင်မီကာတာသည် အမေရိကန်သမိုင်းတွင် အသက်အရှည်ဆုံး သမ္မတအဖြစ် မှတ်တမ်းဝင်နေပြီဖြစ်ကြောင်း သိရသည်။ **Mon**



## အသက် ၈၁ နှစ်အရွယ် ကိုရီးယားအလှမယ် ချွဲဆွန်ဟန် ကမ္ဘာ့အသက်အကြီးဆုံး မယ်စကြဝဠာလောင်းဖြစ်လာ

**ဆိုးလ် အောက်တိုဘာ ၂**

အသက် ၈၁ နှစ်အရွယ် ကိုရီးယားအလှမယ် ချွဲဆွန်ဟန် ကမ္ဘာ့အသက်အကြီးဆုံး မယ်စကြဝဠာလောင်းဖြစ်လာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခင်က အသက်ကန့်သတ်ချက်ရှိသဖြင့် မယ်စကြဝဠာပြိုင်ပွဲ ဝင်ခွင့်မရခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ယင်းကန့်သတ်ချက်ကိုသာမက လိင်နှင့်အိမ်ထောင်ရေးကန့်သတ်ချက်များကိုပါ ထိုပြိုင်ပွဲက ပယ်ဖျက်လိုက်ရာမှ ၂၀၂၄ ခုနှစ် တောင်ကိုရီးယား မယ်စကြဝဠာရွေးပွဲတွင် ချွဲဆွန်ဟန် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ငယ်စဉ်ကတည်းက သရုပ်ပြအလှမယ်ဖြစ်လိုခဲ့သော ချွဲ သည် သား၊ သမီးနှင့် မြေးများက အားပေးသဖြင့် အသက် ၇၂ နှစ်အရွယ်တွင် တောင်ကိုရီးယားနိုင်ငံ၌ သရုပ်ပြအလှမယ်ဖြစ်ကာ စင်မြင့်ထက်တွင် ကြော့ရှင်းစွာ လမ်းလျှောက်သရုပ်ပြခဲ့ရာမှ နာမည်ကျော်ကြားလာသည်။

ယခုနှစ် မယ်စကြဝဠာပြိုင်ပွဲတွင် အသက် ၂၀ ကျော်အရွယ် မယ်စကြဝဠာလောင်းများနှင့် ရင်ပေါင်တန်းပြီး ပါဝင်ယှဉ်ပြိုင်ရာ အကောင်းဆုံး ဝတ်စုံရှင်ဆု ရရှိခဲ့ကြောင်း သိရသည်။ **Mon**



အောက်တိုဘာ ၁ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ပြင်၌ ဖြစ်ပွားပြီး ကလေး ၂၀ ဦးနှင့် ဆရာ၊ ဆရာမ ၃ ဦး သေဆုံးစေခဲ့သော ကျောင်းကားမီးလောင်သည့်မြင်ကွင်းကို တွေ့ရစဉ်။ **Mon**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁ ရက်တွင်အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aye Nyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်နေ ညီညီအောင်အား နံနက် ၉ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ “@user 9338069275500” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကူးမြို့နယ် ထန်းကိုးပင်ကျေးရွာနေ ချိုလွင်ဦးနှင့် “ko.gyi 0636” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်းစိုင်းကျေးရွာနေ နိုင်းကိုကိုတို့အား နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ “myatsoenaungto” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နွယ်နီကျေးရွာနေ မြတ်စိုးနောင် (ခ) နောင်နောင်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မင်းတပ်မြို့ ကားလမ်းမကြီးတစ်လျှောက်ရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေ




နေပြည်တော် အောက်တိုဘာ ၂

ချင်းပြည်နယ် မင်းတပ်မြို့ အနောက်ရပ်ကွက် ဘုရင့်နောင်လမ်းခွဲရှိ မင်းတပ်-မတူပီ ကားလမ်းမကြီးတစ်လျှောက် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ သတင်းမှားသာဖြစ်ကြောင်း ဖြစ်စဉ်အမှန်မှာ မင်းတပ်မြို့နယ်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လာကာ လူသစ်စုဆောင်းနေကြောင်းနှင့် ဆက်ကြေးကောက်ခံနေကြောင်း ဒေသခံများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန် သွားရောက်စဉ် အကြမ်းဖက်သမားများက စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လာရာလမ်းအတိုင်း ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့နောက်သို့ လိုက်လံတိုက်ခိုက်ခြင်း မပြုလုပ်နိုင်ရန်အတွက် အဆိုပါမြို့နယ်အတွင်းရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် လူနေအိမ်များကို အကာအကွယ်ရယူ၍ မြို့/ရွာများအတွင်း တိုက်ပွဲများ ဖော်ဆောင်နေသော အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချသည့် သတင်းတု၊ သတင်းမှားများဖြင့် ဝါဒဖြန့်ဝေ ရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကလေးမြို့နယ်ရှိ ကျေးရွာများကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး ပစ်ခတ်ခဲ့ခြင်းကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် အောက်တိုဘာ ၁ ရက်က တင်သားကျေးရွာ၊ ကျောက်ဖူးကျေးရွာ၊ ဒိုးနွယ်ကျေးရွာနှင့် အရှေ့စီးကျေးရွာတို့တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများ ပစ်ခတ်ခဲ့ကြောင်းနှင့် အဆိုပါပစ်ခတ်မှုကြောင့် ပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် ကလေးမြို့နယ် ကျန်သာကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် တစ်ဖက်သတ်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# သာယာဝတီထောင်တွင် နိုင်ကျဉ်းအမျိုးသမီးတစ်ဦးကို သံအချွန်ဖြင့်ထိုးသော အကျဉ်းသူကို ထောင်အာဏာပိုင်များက အရေးယူမှုမရှိဟု Khit Thit သတင်းဌာနက မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြ

နေပြည်တော် အောက်တိုဘာ ၂

Khit Thit Media အမည်ခံ Facebook Page တွင် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက “သာယာဝတီထောင်တွင် နိုင်ကျဉ်းအမျိုးသမီးတစ်ဦးကို သံအချွန်ဖြင့်ထိုးသော အကျဉ်းသူကို ထောင်အာဏာပိုင်များက အရေးယူမှုမရှိ” ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်မှန်အားစိစစ်ရာ သာယာဝတီဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေး အကျဉ်းသား/သူဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကို ချိုးဖောက်၍ တရားရုံးကပြစ်ဒဏ်ပေးထားသော အကျဉ်းသား/သူများသာရှိကြောင်း ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီခွဲတွင် အမျိုးသမီးအိပ်ဆောင်မှ အကျဉ်းသူ မချစ်မိုးဆွေ(ခေါ်) ဂေါ်ဇီထုပ်သည် သွားတိုက်ဆေးပျောက်ဆုံးရာမှ ၎င်းနှင့်ကပ်လျက်နေသူ အကျဉ်းသူ မလှလှဝင်း (ခ) မအသေးလေးနှင့် အချင်းများရာမှ လုံးထွေးရန်ဖြစ်ခဲ့ကြောင်း၊ ထိုသို့ ရန်ဖြစ်ရာတွင် မည်သည့်လက်နက်မှမပါဘဲ လုံးထွေးသတ်ပုတ်ခြင်းသာဖြစ်ပြီး ဦးစီးအရာရှိ ဒေါ်နန်းတင်က ဖြစ်စဉ်အား ထောင်တာဝန်ခံအရာရှိထံ သတင်းပို့တင်ပြခဲ့ရာ ထောင်တာဝန်ခံအရာရှိက အဆိုပါ အကျဉ်းသူနှစ်ဦးအား ရန်ဖြစ်ခြင်းပြစ်မှုအတွက် စာဖြင့်သတိပေးပြစ်ဒဏ်ချမှတ်ခဲ့ပြီး အိပ်ဆောင်ပြောင်းပေးခဲ့ကြောင်း။

ထောင်အာဏာပိုင်များက အရေးယူမှုမရှိဆိုသည်မှာ မှန်ကန်မှုမရှိဘဲ သာယာဝတီဗဟိုအကျဉ်းထောင်တွင် နေ့စဉ်သာမန်ရှာဖွေခြင်း၊ ရှောင်တခင်ရှာဖွေခြင်း၊ အထူးရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပြီး အကျဉ်းထောင်ရှာဖွေရေးများ တင်းကျပ်စွာဆောင်ရွက်သည့်အတွက် သံချွန်လက်နက်ရှိနေခြင်း၊ ထိုးနှက်ခြင်းမှာ လုံးဝမဖြစ်နိုင်ကြောင်း၊ မချစ်မိုးဆွေ(ခေါ်) ဂေါ်ဇီထုပ်သည် ယခုတစ်ကြိမ်သာ စကားများရန်ဖြစ်ခြင်းဖြစ်သောကြောင့် ဒုတိယအကြိမ်ကိုယ်ထိလက်ရောက် ကျူးလွန်သည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိကြောင်း သိရသည်။

ဦးစီးအရာရှိ ဒေါ်နန်းတင်သည် ထောင်ဖွင့်ချိန်မှ ထောင်ပိတ်ချိန်အထိ အမျိုးသမီးအိပ်ဆောင်တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ပြီး မည်သည့်အကျဉ်းသူများကိုမဆို ဘက်မလိုက်ဘဲ အကျဉ်းထောင်အက်ဥပဒေ၊ နည်းဥပဒေနှင့်အညီသာ အုပ်ချုပ်လျက်ရှိကာ အကျဉ်းသူများအပေါ်တွင် သွေးခွဲအုပ်ချုပ်ခြင်း၊ ဖိနှိပ်ခြိမ်းခြောက်ခြင်း၊ အကျဉ်းသူ မိသားစုများထံတွင် ငွေကြေးတောင်းခံခြင်းများမရှိဘဲ ဥပဒေမဲ့ဆောင်ရွက်ကြောင်း အထောက်အထားဖြင့် တင်ပြလာပါက စစ်ဆေး၍ ပေါ်ပေါက်ပါက အရေးယူမည်ဖြစ်သည်။

သာယာဝတီဗဟိုအကျဉ်းထောင်အနေဖြင့် ၎င်းအကျဉ်းသူနှစ်ဦးအား တရားဝင်အပြစ်ပေးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ပြီး ထောင်တာဝန်ခံအရာရှိမှ ပြင်ပသို့ မပေါက်ကြားစေရန် အကျဉ်းသူများကို ခြိမ်းခြောက်ပြောဆိုခြင်းများ မရှိကြောင်း၊ Khit Thit Media အမည်ခံ Facebook Page ကဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံသတင်း ဖော်ပြခြင်းသာဖြစ်သည်။ သစ္စာ

# ဆိုလာမှတစ်ဆင့် မီးလောင်မှု ဖြစ်ပွား

**ပဲခူး အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ဇေယျာခင်ဦး(၂၁)ရပ်ကွက်၊ နတ်ရှင်နောင်လမ်းတွင် အောက်တိုဘာ ၁ရက် ညနေ ၄နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် လူတစ်ဦးသေဆုံးပြီး နေအိမ်နှစ်လုံး မီးလောင်ပျက်စီးခဲ့သည်။

တာဝန်ရှိသူများက စစ်ဆေးရာတွင် မီးလောင်မှုသည် နေအိမ်၌ တပ်ဆင်ထားသော ဆိုလာ မီးကတစ်ဆင့် နေအိမ်ကို ကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သေဆုံးသွားသူမှာ လေဖြတ်ဆေးနာခံစားနေရသည့် အသက်(၄၀)ဝန်းကျင်အရွယ် အမျိုးသားဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာတွင် တောင်ငူမြို့နယ် မီးသတ်စခန်းက မီးသတ်ယာဉ်(၇)စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံလူမှုကူညီရေးအသင်းများ၊ ဒေသခံများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

# သန့်ရှင်းဖို့အရေး လက်မနှေး မြို့တော်စည်ပင်ဆောင်ရွက်ပေး

စည်ပင်သာယာဆိုတာနဲ့ လူတိုင်းက သန့်ရှင်းရေးလုပ်တဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတစ်ခုလို့ပဲ မြင်ကြတာဖြစ်ပါတယ်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဆိုတာ ရည်ရွယ်ချက်(၃)ရပ်ကို အောင်မြင်အောင် အဓိကထား ဆောင်ရွက်နေရတဲ့အဖွဲ့ ဖြစ်ပါတယ်။ ရည်ရွယ်ချက်(၃)ရပ်ကတော့ 'မြို့တော်သန့်ရှင်းရမည်၊ မြို့တော်သာယာလှပရမည်၊ မြို့တော်နေပြည်သူလူထု စိတ်ချမ်းသာရမည်' ဆိုတဲ့ အချက်(၃)ချက် ဖြစ်ပါတယ်။

စိန်မောင်ကိုကြီး



မြို့တော်သန့်ရှင်းရမည်ဆိုတဲ့အတွက် အမှိုက်သရိုက်ကင်းစင်ပြီး၊ သန့်ရှင်းနေရပါမယ်၊ ရေစီးရေလာကောင်းမွန်နေရပါမယ်၊ ဒါဆိုရင် ရောဂါပိုးမွှားတွေကင်းစင်ပြီး၊ ရောဂါမခိုအောင်းနိုင်လို့ ပြည်သူလူထုတွေ စိတ်ချမ်းသာပြီဖြစ်ပါတယ်။

မြို့တော်သာယာလှပဖို့ဆိုရင် လမ်းတွေ၊ ပလက်ဖောင်းတွေ ခိုင်ခံ့လှပဖို့ လိုအပ်ပြီး၊ ချောင်း၊ မြောင်း၊ ရေမြောင်းတွေ ရေစီးရေလာကောင်းပြီး ခိုင်ခံ့လှပနေဖို့လည်း လိုပါတယ်။ အဆောက်အအုံတွေလည်း ခိုင်ခံ့လှပပြီး၊ အမြင်တင့်တယ်နေဖို့လည်း လိုအပ်ပါတယ်။ ဒါတွေပြည့်စုံနေပြီဆိုရင် ရည်ရွယ်ချက်(၃)ရပ်က ပြည့်စုံနေမှာပါ။

မနက်လင်းလို့ အိမ်ရှေ့ထွက် လမ်းပေါ်တက်လိုက်တာနဲ့ စည်ပင်သာယာနဲ့ လွတ်ကင်းတဲ့လုပ်ငန်းဆိုတာ မရှိသလောက်ပါပဲ။ အမှိုက်တွေရှင်းလင်း၊ လမ်းတွေက ချိုင့်မရှိတဲ့နိုင်လွန်လမ်းတွေ၊ စိမ်းစိုနေတဲ့သစ်ပင်တွေကို တွေ့လိုက်ရတာနဲ့ မြင်ရသူအားလုံး ကြည်နူးရွှင်လန်းရမှာဖြစ်ပါတယ်။

တစ်ပြိုင်နက်တည်းမှာပဲ အမှိုက်သိမ်းကားတွေက လမ်းပေါ်အမှိုက်သိမ်းဖို့လာတော့ အိမ်ထဲကနေ ကလေး၊ လူကြီး၊ အမျိုးသား၊ အမျိုးသမီး အရွယ်စုံ အမှိုက်တောင်း၊ အမှိုက်အိတ်တွေနဲ့ အမှိုက်ထွက်ပစ်ကြတာ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါက နိစ္စဓူဝအလုပ်တွေပါ။

မန္တလေး ၆ မြို့နယ်မှာဆိုရင် ယာဉ်မျိုးစုံ ၂၈၀ စီးနဲ့ သုံးဘီးဆိုင်ကယ် ၂၄၈ စီးကို အမှိုက်သိမ်းဆည်းဖို့ ဖြန့်ခွဲပေးထားလို့ မန္တလေးမြို့ကြီးဟာ မနက်လင်း၊ နေဝန်းထွက်ချိန်မှာ အလွန်ကျက်သရေနဲ့ ပြည့်စုံတဲ့မြင်ကွင်းကို တွေ့မြင်ရမှာဖြစ်ပါတယ်။

Down Town ဧရိယာတင်မကဘဲ မြို့စွန်ဘက်တွေမှာလည်း အမှိုက်သရိုက်များကို လုံလုံခြုံခြုံတင်ဆောင်သယ်ပို့နိုင်ဖို့ အလုံပိတ်နောက်ပိုင်းက ကြိတ်စက်နဲ့ ကြိတ်သွင်းနိုင်တဲ့ Compactor Garbage Truck, ယာဉ် CG ဆိုတဲ့ ယာဉ်တွေကို မန္တလေးပြည်သူလူထုဆီကရတဲ့ အခွန်အခတွေနဲ့ နှစ်စဉ်ဝယ်ယူဖြည့်တင်းပြီး အသုံးပြုလျက်ရှိပါတယ်။



အခုလို မြို့တော်ကြီး အမှိုက်ကင်းစင်ပြီး သာယာလှပနေဖို့ မြို့တော်စည်ပင်က နေ့၊ ည မခိုမကပ်၊ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေကြတဲ့အချိန်မှာ ပြည်သူလူထုကလည်း အမှိုက်သရိုက်တွေကို စည်းနဲ့ကမ်းနဲ့ စွန့်ပစ်ကြရင်ဖြင့် အပေးအယူ ညီညီမျှမျှနဲ့ မန္တလေးမြို့ကြီး သာယာလှပနေမှာ အမှန်ဖြစ်ပါတယ်။

အမှိုက်စွန့်ပစ်တဲ့ပြည်သူများအနေနဲ့ နိုင်ငံခြားတိုင်းပြည်များမှာကဲ့သို့ ခွဲခြားစွန့်ပစ်နိုင်ခြင်းမရှိသေးပေမဲ့လည်း စနစ်တကျ ထုပ်ပိုးစွန့်ပစ်ခြင်းကို အလေးထားဆောင်ရွက်ကြဖို့ လိုပါတယ်။ အမှိုက်တွေကို သတ်မှတ်နေရာမစွန့်ပစ်ဘဲ၊ နီးစပ်ရာလမ်းပေါ်တွေ၊ ရေမြောင်းတွေ၊ ချောင်းတွေထဲ စွန့်ပစ်




ကြရင်ဖြင့် အမှိုက်ကြောင့်ဖြစ်ပေါ်လာတဲ့ ရောဂါဘယတွေ၊ ရေကြီးရေလျှံမှုတွေ၊ မခံရပ်နိုင်တဲ့ အနံ့အသက်ဆိုးတွေနဲ့ မိမိတို့ပဲ ရင်ဆိုင်ကြုံတွေ့ကြရမှာ ဖြစ်ပါတယ်။ မြို့တော်လည်း အကျည်းတန်ရုပ်ဆိုးစေမှာ ဖြစ်ပါတယ်။

ယာဉ်တွေပေါ်ထုပ်ပိုးပြီး စွန့်ပစ်ရင်လည်း ပေါက်ကွဲစေနိုင်တဲ့ပစ္စည်း(ဥပမာအားဖြင့် ဘက်ထရီအိုး၊ ဂက်စ်ဘူး)များပါရင် အမှိုက်သိမ်းအလုပ်သမားနဲ့ ယာဉ်မောင်းကို အသိပေးဖို့ လိုပါတယ်။ ပုလင်းကွဲတွေကိုလည်း သေသေချာချာ ထုပ်ပိုးပြီးမှ အသိပေးစွန့်ပစ်သင့်ပါတယ်။ ဒါမှသာ အမှိုက်သိမ်းအလုပ်သမားနဲ့ အမှိုက်ကျင်းမှာ ရှိတဲ့သူတွေ ထိခိုက်ဒဏ်ရာရမှုကနေ ရှောင်လွှဲနိုင်မှာ ဖြစ်ပါတယ်။ အဲ့ဒီလို ပေါက်ကွဲမီးလောင်စေတာတွေပါလို့ မီးလောင်ရင်လည်း ယာဉ်တွေပေါ်မှာ မီးသတ်ဆေးဘူးတွေကိုလည်း တပ်ဆင်ပေးထားပြီး ဖြစ်ပါတယ်။ အချို့ယာဉ်များမှာ ရေးသားဖော်ပြထားတဲ့ မပစ်သင့်၊ မလုပ်သင့်တာတွေကိုလည်း လိုက်နာရှောင်ကြဉ်ပေးကြဖို့ လိုပါတယ်။

ချောင်း၊ မြောင်းတွေထဲက နုံ့တွေ၊ အမှိုက်သရိုက်တွေကိုလည်း လူအင်အား၊ စက်အင်အားတွေနဲ့ နေ့စဉ် ဆယ်ယူရှင်းလင်းပေးနေတဲ့အတွက် ရေစီးဆင်းမှုကောင်းမွန်ပြီး၊ ရေကြီးရေလျှံမှုတွေ မဖြစ်ပေါ်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နုံ့စုပ်ထုတ်တာတွေ၊ နုံးစာသယ် Skip Loader တွေနဲ့ သယ်ယူစွန့်ပစ်ပေးလျက်ရှိပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုမှ အမှိုက်စွန့်ပစ်ရာတွင် လိုက်နာဆောင်ရွက်ရမဲ့ စည်းကမ်းများကို သတင်းစာ၊ လက်ကမ်းစာစောင်၊ ပိုစတာများ၊ ယာဉ်ဖြင့် လှည့်လည်ပညာပေးခြင်းများတို့ကို ယခုထက်ပိုမိုရန် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ပါတယ်။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြင်ဦးလွင်မြို့ရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

## MSME ဖွံ့ဖြိုးတိုးတက်ရေး၊ အရင်းအနှီး၊ နည်းပညာလွှဲပြောင်းရရှိရေးနှင့် ဈေးကွက်ရရှိရေးကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ဝိုင်၊ ယိုစုံနှင့် မလိုင်ထုတ်လုပ်သည့် MSME လုပ်ငန်းရှင်များအား ယနေ့နံနက်ပိုင်းတွင် သုတေသနဌာနခွဲ(ပြင်ဦးလွင်)၌ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်အဆင့် တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ MSME လုပ်ငန်းရှင်များကို ချေးငွေများထုတ်ချေးပေးလျက်ရှိပြီး ချေးငွေပမာဏအနေဖြင့် အသေးစားလုပ်ငန်းကို ငွေကျပ် ၁၀ သန်း၊ အငယ်စားလုပ်ငန်းကို ငွေကျပ်သန်း ၅၀ နှင့် အလတ်စားလုပ်ငန်းကို ငွေကျပ်သန်း ၁၀၀ အထိ ထုတ်ချေးပေးလျက်ရှိကြောင်း၊ MSME လုပ်ငန်းများအတွက် နည်းပညာရရှိရေး အလုပ်ရုံဆွေးနွေးပွဲများ၊ နည်းပညာလွှဲပြောင်းပေးမှုများ၊ ကုန်ကြမ်းပစ္စည်းများရရှိရေး၊ ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုနိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး ဈေးကွက်ရရှိရေးအတွက် E-Market Platform တည်ထောင်ပေးခြင်း၊ ထုတ်ကုန်ပစ္စည်းပြခန်းကို ရန်ကုန်တိုင်းဒေသကြီး SME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတွင် ဖွင့်လှစ်ပြီး ဒေသအသီးသီးမှ MSME ထုတ်ကုန်များကိုလည်း ရောင်းချပေးလျက်ရှိကြောင်း။

MSME ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပြီးပါက အသေးစားစီးပွားရေးလုပ်ငန်းများနှင့် အစပျိုးစီးပွားရေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပါက ဒေသနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### အားပေးကြည့်ရှု

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းများကို လှည့်လည်အားပေးကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရတနာပုံစက်မှုဇုန်အတွင်းရှိ Burst Transmission Co., Ltd. ၏ မှန်ဘီလူးများ၊ မှန်ဘီလူးကိုယ်ထည်များ၊ အဏုကြည့်မှန်ပြောင်းများ၊ လုံခြုံရေးကင်မရာခေါင်းလောင်းများ၊ ကင်မရာတွင်ပါဝင်သည့် ပလတ်စတစ်အစိတ်အပိုင်းများ၊ ပရင်တာအစိတ်အပိုင်းများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ဆားကစ်ပြားများ ဒီဇိုင်းရေးဆွဲထုတ်လုပ်နေမှု၊ ကိုဒက်ကင်မရာအမျိုးအစားများ တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နည်းပညာလွှဲပြောင်းရရှိရေး စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့် တိုးမြှင့်ရေးအတွက် သင်တန်းများဖွင့်လှစ်ပေးရန်၊ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



အထက်မင်းလှ အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က ၂၀၂၄ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ အိမ်ထောင်စုလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်၍ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေး တိုက်နယ်အလိုက် ဌာနဆိုင်ရာကြီးကြပ်အဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်၍ တိုက်နယ်အလိုက်စာရင်းစစ်၊ စာရင်းကောက်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မင်းလှမြို့နယ် ဦးစီးမှူးရုံးမှလည်း သန်းခေါင်စာရင်းကောက်ယူရာတွင် လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန်၊ ၂၀၂၄-၂၀၂၅ခုနှစ်၌ သီးနှံများစိုက်ပျိုးရာတွင် သီးထပ်စွမ်းအား မြှင့်တင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေး၊ ဆီထွက်သီးနှံ အထူးဖုန် ဖြစ်၍ မြေပဲ၊ နှမ်း၊ နေကြာများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန်၊ လုံခြုံရေးဂရုပြုဆောင်ရွက်ရန်၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အကြောင်းအရာများ၊ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးဆိုင်ရာများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ (ဓါတ်ပုံ)

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး တိုက်နယ်အလိုက် ကြီးကြပ်အဖွဲ့ခေါင်းဆောင် ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်ထောင်စုလူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းကောက်ယူမည့် အစီအမံများအား အကြံပြုဆွေးနွေးခဲ့ကြသည်။ ယင်းနောက်အစည်းအဝေးတက်ရောက်လာသည့်ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများက သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ သိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် လိုအပ်သည်များအား ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

စာစာ(အထက်မင်းလှ)



# (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရန် အစည်းအဝေးကျင်းပ

မန္တလေး အောက်တိုဘာ ၂

မန္တလေး ချမ်းအေးသာစံမြို့နယ် BBOA အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ၏ (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရန် အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်းနှင့် လမ်း၃၀ထောင့်ရှိ အဆိုပါကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးညှိနှိုင်းကြပြီး အာစရိယပူဇော်ပွဲအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ဦးဇင်မင်းကို+ဒေါ်ဖွေးဖွေးအောင် မိသားစုက အလှူငွေကျပ်ငါးသိန်း၊ ဦးတင်မောင်ရီ+ဒေါ်တင်တင်ဝင်း (တိုင်းရင်းဆေး)မိသားစုတို့က အလှူငွေကျပ် တစ်သိန်း၊ ဦးမောင်မောင်ဦး+ဒေါ်အေးအေးသန့် မိသားစုတို့က အလှူငွေကျပ် တစ်သိန်း၊ ဦးနိုင်စိုး+ဒေါ်ခင်မာဝင်း မိသားစုတို့က အလှူငွေကျပ်တစ်သိန်း၊ ဦးတင်စိုး+ဒေါ်ခင်မျိုးဝင်း မိသားစုတို့က အလှူငွေကျပ် တစ်သိန်း၊ ဦးအောင်ကိုကို+ဒေါ်အေးအေးရွှေ မိသားစုတို့က အလှူငွေကျပ် သုံးသောင်း၊ ဦးလှသန်း+ဒေါ်လွင်လွင်မာ မိသားစုတို့က အလှူငွေကျပ်သုံးသောင်းတို့ကို အသီးသီး လှူဒါန်းကြရာ ကော်မတီဝင်များက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (အပေါ်ပုံ)

မန္တလေး ချမ်းအေးသာစံမြို့နယ် BBOA အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ၏ (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၁၃၈၆ ခုနှစ် နတ်တော်လပြည့်နေ့တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပြီး အသက်၆၂နှစ်နှင့်အထက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၇၀ဦးတို့ကို ပူဇော်ကန်တော့မည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အခမ်းအနား တက်ရောက်ကြရန်နှင့် အလှူငွေများကို ကော်မတီသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပွဲ ကျင်းပမည်

မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ၊ စန္ဒာမုနိဘုရား (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပွဲ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဆွမ်းသပိတ်လောင်းလှူပွဲကို မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား ပရဝဏ်အတွင်း၌ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ အောက်တိုဘာ ၁၉ ရက် စနေနေ့ နံနက် ၇ နာရီတွင် သံဃာတော်အပါး ၂၇၀၀ အား ဆွမ်းသပိတ်လောင်းလှူသွားမည်ဖြစ်ပြီး နံနက် ၉ နာရီ ၃၀ မိနစ်တွင် ရေစက်ချတရားနာယူသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၄၁)



## AYA Bank မန္တလာဖူဆယ်လိဂ် ၂၀၂၄ ပြိုင်ပွဲကျင်းပရေး မန်နေဂျာတွေ့ဆုံပွဲကျင်းပ၊ ပွဲစဉ်များ မဲနှိုက်ရွေးချယ်

**မန္တလေး အောက်တိုဘာ ၂**

AYA Bank မှ အဓိက ကူညီပံ့ပိုးမှုဖြင့် မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ ဦးစီးကျင်းပမည့် AYA Bank မန္တလာဖူဆယ်လိဂ် ပြိုင်ပွဲအကြို ညှိနှိုင်းအစည်းအဝေးနှင့် မန်နေဂျာတွေ့ဆုံပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက Min Khant Myanmar Sports Complex ရှိ ကော်မတီရုံးခန်းတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုနှင့် ဖူဆယ်ဘောလုံးဆပ်ကော်မတီဝင်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုက အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးတာဝန်ခံဦးစောထွန်းမောင်မှ ပြိုင်ပွဲစည်းကမ်းများ၊ ပြိုင်ပွဲကျင်းပမည့်ပုံစံများ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများမှ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပွဲစဉ်များကို မဲနှိုက် ရွေးချယ်ခဲ့သည်။ မန္တလာဖူဆယ်လိဂ်ပြိုင်ပွဲများကို အောက်တိုဘာ ၆ ရက်မှ နိုဝင်ဘာ ၃ရက်အထိ တစ်ကျော့စနစ်ဖြင့် မန္တလာသီရိအားကစားကွင်းရှိ ဘက်စုံအားကစားရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ဝ၄၅)

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထောက်ပံ့ ပေးအပ်

**ရှာင် အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ရှာင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၃၀ရက် နံနက် ၁၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန၊ ဦးစီးမှူးဦးကျော်မျိုးသန့်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထုတ်ချေးမှု စီမံကိန်းနှင့်ပတ်သက်၍ စာချုပ်ပါ အချက်အလက်များအား ဖတ်ကြားပြီး စိုက်ပျိုးရေး ဆောင်ရွက်ကြမည့် တောင်သူများနှင့်စာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်မည့် အစုအဖွဲ့ဝင်များသို့ ချေးငွေပမာဏ ငွေကျပ်သိန်း ၁၅၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၃၃၈)**



## ☐ ရှေ့ဖုံးမှ

ဘက်ပေါင်းစုံမှ ထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီးကြောင်း၊ အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူများ၏ စိတ်ဓာတ်နှင့်စာရိတ္တများ ပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့် ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုလျော့နည်းကျဆင်းစေရေးဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်သည့်အတွက် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများမရှိစေရေး အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထား လုပ်ဆောင်သွားကြရန် ပြောကြားခဲ့ပါကြောင်း။

### သာတူညီမျှစိတ်ဖြင့် ဆက်ဆံ

မိမိတို့နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်အရ နိုင်ငံ့ဝန်ထမ်းများ၏ ကဏ္ဍသည် အရေးကြီးသည့် နေရာတွင် ပါဝင်နေသည့်အတွက် ဝန်ထမ်းအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုများ များလာပါက နိုင်ငံတော်၏ စွမ်းဆောင်မှုသည်လည်း ကျဆင်းလာမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှု၊ အာဏာကို အလွဲသုံးစားပြုလုပ်မှုများ ကြီးမားကျယ်ပြန့်လာမှုကို အချိန်မီတားဆီးကာကွယ်မှုများ မလုပ်နိုင်ပါက နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် ခြိမ်းခြောက်မှုများလည်း ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိကင်းစွာဖြင့် ပြည်သူလူထုအပေါ် ဝန်ဆောင်မှုပေးရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ ကျောသားရင်သား မခွဲခြားဘဲ သာတူညီမျှစိတ်ဖြင့် ဆက်ဆံရန်၊ မိမိတာဝန်ကို မိမိကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်းအကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကဏ္ဍများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ❖ ရှေ့ဖုံးမှ

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကရတ်သွန်" မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ ၆-၁၀-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဓလ**

## သဘာဝဘေးကြောင့် ပျက်စီးသွားသည့် ပန်းလောင်မြစ်ကူးတံတား ဘေလီတံတားနှင့် ချဉ်းကပ်လမ်းတည်ဆောက်ပေးပြီးဖြစ်

**စဉ့်ကိုင် အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် သဘာဝဘေးကြောင့်ပျက်စီးသွားသော ပလိပ်တံတားဦးလမ်း မိုင်(၄/၅-၄/၆) အတွင်းရှိ တံတားအမှတ်(၁/၅) ပန်းလောင်မြစ်ကူးတံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး တံတားအထူးအဖွဲ့(၄)မှ ပေ၁၆၀ အရှည် (T/SR2 Extra Wide C 100) ဘေလီတံတားတည်ဆောက်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လမ်းဦးစီးဌာနမှ ချဉ်းကပ်လမ်းတည်ဆောက်ပြီးဖြစ်ပါသဖြင့် ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

အဆိုပါ တံတားပျက်စီးသွားသည့် ပလိပ်-တံတားဦးလမ်းသည် ရန်ကုန်-မန္တလေး အမြန်လမ်း၊ရန်ကုန်-ပြည်-မန္တလေးလမ်းနှင့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်းအား ဆက်သွယ်ပေးထားသော အရေးပါသည့် လမ်းမကြီးဖြစ်သည်။ ရန်ကုန်-ပြည်-မန္တလေးလမ်းနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမှ ပြင်ဦးလွင်မြို့သို့ သွားမည့်ယာဉ်များသည် ပလိပ်-တံတားဦးလမ်းအား ဖြတ်သန်း၍ ရန်ကုန်-တောင်ငူ-မန္တလေးလမ်းအတိုင်း သွားလာနေရသောလမ်းပိုင်းဖြစ်ပြီး ပျက်စီးသွားသည့် ပန်းလောင်မြစ်ကူးတံတားအား ကုန်စည်စီးဆင်းမှုမြန်ဆန်လွယ်ကူစေရန်နှင့် လူမှုရေး၊ ပညာရေး၊ကျန်းမာရေးစသည့် ကဏ္ဍများ အမြန်ဆောင်ရွက်နိုင်ရေးအတွက် တံတားအထူးအဖွဲ့(၄)မှ အရှည် ပေ ၁၆၀(T/SR2 Extra Wide C 100) ဘေလီတံတား တည်ဆောက်ခြင်းနှင့် ကျောက်ဆည်ခရိုင်၊ လမ်းဦးစီးဌာနမှ ချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပြီ ဖြစ်သောကြောင့် ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)**

**(၄၅၁)**



# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Xiao Zhan က ဂန္တဝင်သီချင်းကို ပြန်ဆို၍ Beijing Culture Forum 2024 တွင် ပါဝင်



တရုတ်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြသည့် Beijing Culture Art Forum 2024 တွင် Xiao Zhan က အသံချိုချိုလေးနှင့် ဂန္တဝင်သီချင်း The Moon Represents My Heart အပါအဝင် သီချင်းသုံးပုဒ်ကျော် ဖျော်ဖြေခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတက်ပုံရိပ်များကို China Daily မှ တင်ပေးထားရာ Xiao Zhan က တစ်ကိုယ်တော်ဂီတကို The Moon Represents My Heart စုံတွဲသီချင်းကို ဟောင်ကောင်အဆိုတော် ကာရန်မုမ်နှင့် Empty World တို့ကို သီဆိုလ်အဖွဲ့လိုက်တွင်လည်း ပါဝင်သီဆိုခဲ့သည်ဟု ဖော်ပြထားသည်။

ယင်းပွဲတော်သည် နိုင်ငံတကာဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံပေါင်းခုနစ်ဆယ်ကျော်မှ အနုပညာရှင်များ တက်ရောက်ခဲ့ကြရာ Xiao Zhan ကို တစ်ကိုယ်တော်သီဆိုခွင့် ဖိတ်ကြားခံရကာ GUCCI Fashion Style နှင့် Boucheron ၏ စိန်ရင်ထိုးကို လက်စွပ်နှင့်တွဲဖက်၍ ဝတ်ဆင်ထားရာ ပရိသတ် ဂုဏ်ယူမဆုံးဖြစ်ခဲ့ကြသည်။ **(SKY)**

## Blackpink မှ Jennie က ကျောင်းဆောက်လုပ်ရန် ဝမ်သန်းတစ်ရာ လှူဒါန်း

Blackpink အဖွဲ့မှ Jennie သည် ကျောင်းဆောက်လုပ်ရန် လိုအပ်နေသည့် ပရောဂျက်ကြီး အဆင်ပြေစေရန်အတွက် ဝမ်သန်းတစ်ရာ လှူဒါန်းခဲ့သည်ဟု International Housing Welfare Nonprofit အဖွဲ့အစည်း၏ ထုတ်ပြန်ပြောကြားချက်အရ သိရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Jennie က အဆိုပါလှူဒါန်းမှုတွင် သူတို့အဖွဲ့၏ အမာခံပရိသတ် Blinks များ အမည်ကို တပ်ခဲ့ပြီး လှူဒါန်းခဲ့ခြင်းဖြစ်ကာ ကျောင်း၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ၎င်း၏သားတက်ရောက်နေသောကျောင်းတွင် နေထိုင်သည့် ကျောင်းသူ၊ ကျောင်းသားများအတွက် နေစရာအဆောက်အအုံသစ် လိုအပ်နေသည်ကို Jennie အမေက သိခဲ့ပြီးနောက် Jennie က လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

Jennie သည် အလှူအတန်းလုပ်တိုင်း နာမည်ဖော်ပြလေ့မရှိဘဲ လှူဒါန်းမှုတိုင်းကို သူတို့အမာခံပရိသတ်အမည်နှင့်သာ လှူလေ့ရှိသည့် နတ်သမီးလေးဖြစ်သည်။ **(SKY)**

## Zhao Li Ying က Feitian Award တွင် ဆုရရှိ

တရုတ်အနုပညာလောက၏ ဂုဏ်သရေမြင့် ဆုပေးပွဲများတွင် ပါဝင်သည့် Feitian Award ဆုပေးပွဲတွင် Zhao Li Ying အကောင်းဆုံးမင်းသမီးဆုကို ထိုက်တန်စွာ ရရှိသွားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲတွင် မျိုးဆက်သစ် အနုပညာရှင်များအနက် Zhao Li Ying က အကောင်းဆုံးမင်းသမီး အထူးဆုပိုင်ရှင်ဖြစ်ခဲ့၍ ဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့ကြသည်။

(၃၄)ကြိမ်မြောက် Feitian Award(Flying Asparas Awards) ဆုပေးပွဲသို့ တရုတ်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြပြီး Zhao Li Ying ၏ ဆုနှင့်အတူ ပျော်ရွှင်နေသော ပုံရိပ်များကိုတွေ့ရကာ သူ၏စတူဒီယိုမှလည်း ဂုဏ်ယူမဆုံးဖြစ်နေသည်။ **(SKY)**










## Jung Kook မှ Jimin တို့၏ Are You Sure? အစီအစဉ် ပြီးဆုံးသွား

BTS အဖွဲ့ဝင် Jung Kook နှင့် Jimin တို့နှစ်ဦး၏ ပျော်ရွှင်စရာ၊ စိတ်လှုပ်ရှားစရာအပြည့်နှင့် ခရီးအပေါ် တန်ဖိုးထားနှစ်သက်မှုများဖြင့် Are You Sure? အစီအစဉ်မှာ ပြီးဆုံးသွားပြီဖြစ်၍ ပရိသတ် ဝမ်းနည်းနေကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအစီအစဉ် အပိုင်းတစ်နှင့်နှစ်တွင် လူသားဆန်စွာ လူနေမှုပုံစံစနစ်များကို ချပြထားပြီး အပိုင်းသုံးနှင့်လေးတွင် အဖွဲ့ဝင် V ခေါ် Kim Taehyung က အထူးဧည့်သည်အဖြစ် ပါဝင်ထား၍ ကြည့်ရှုနှုန်းမြင့်မားခဲ့ပြီး ကျန်အပိုင်းများတွင် ကြည့်ရှုနှုန်းနည်းပါးခဲ့ကြသည်ကို တွေ့ရသည်။

ယင်းအစီအစဉ် နောက်ဆုံးပိုင်း အပြန်ခရီးတွင် မပျော်ရွှင်သည့် Jimin ကို Jung Kook က စိတ်ပြောင်းအောင် စခဲ့ပြီး သည်းခံရမည့်အကြောင်း၊ ဘဝတွင် အကောင်းဆုံးခရီးကို ဖန်တီးခဲ့ကြပြီး ခရီး၏ ပထမဆုံးနေ့ကို သတိတရဖြစ်၍ ဝမ်းနည်းခဲ့ကြရာ ပရိသတ်များပါ ဝမ်းနည်းခဲ့ကြရသည်။ **(SKY)**

## ကိုဗစ် တုပ်ကွေးနှင့် အအေးမိခြင်းတို့ကို နှာခေါင်းဖျန်းဆေးဖြင့် ကြိုတင်ကာကွယ်နိုင်မည်



လူ့ပတ်ဝန်းကျင်တွင် အစဉ်အမြဲပင် ရှိနေသော ဗိုင်းရပ်စ်ရောဂါပိုးများသည် လူ၏ ကိုယ်ခံအားနည်းနေသောအချိန်၌ ကိုယ်တွင်းသို့ ဝင်ရောက်လာကာ လူကို ဖျားနာစေတတ်သည်။

ရောဂါပိုး၏ အဖျက်စွမ်းအား ကြီးမားလျှင် ကြီးမားသလောက် ဖျားနာမှု၏ဒဏ်ကို ပြင်းထန်စွာ ခံစားကြရသဖြင့် ကြိုတင်ကာကွယ်ရန် လူထုကျန်းမာရေးပညာရှင်များက အကြံပြုကြသည်။

ယခုနောက်ပိုင်းတွင် လူတို့ကို တိုးမြှင့်ခြိမ်းခြောက်လာသော ကိုဗစ်-၁၉ရောဂါသည် ဆားစ်ကိုဗီတူးဗိုင်းရပ်စ် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်လာရာမှ ဖြစ်ပွားခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု ဘရီဂမ်နှင့် အမျိုးသမီးများ၊ ဆေးရုံမှ သုတေသီများ မကြာသေးမီက နှာခေါင်းဖျန်းဆေးတစ်မျိုး ဖော်စပ်အောင်မြင်ခဲ့ရာ ထိုဆေးက ကိုဗစ် တုပ်ကွေးနှင့် အအေးမိခြင်းတို့ကို ကြိုတင်ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(SCI)**

## Bestkamsing အကြွေး ဘတ်သန်း ၂၀ကို ဖခင်အတွက် ပေးဆပ်ခဲ့

ထိုင်းအနုပညာရှင် Bestkamsing သည် မိသားစုတာဝန်ကို ထမ်းနေရသူဖြစ်ပြီး ဖခင်၏ အကြွေး ဘတ်သန်း ၂၀ကို ဆပ်ခဲ့ပြီး ဘဝတွင် အသက်ရှူချောင်၍ သာယာလှပလာသည်ဟု ပြောခဲ့ကြောင်း ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

Bestkamsing မှာ အိမ်ထောင်စုတာဝန်ကို ထမ်းထားရပြီး ဖခင်၏ Lo Hery အကြွေးဘတ်သန်း ၂၀ကို အရစ်ကျပေးဆပ်နိုင်ရန် အဘက်ဘက်မှ ကြိုးစားခဲ့ရသည်။

စကားပြောအစီအစဉ်တစ်ခုတွင် Bestkamsing က ပိုက်ဆံကို ရအောင်ရှာ၍ အသုံးအစွဲ ချွေတာကာ အလုပ်ကြိုးစားခဲ့ပြီး ဖခင်၏အကြွေး ဘတ်သန်း ၂၀ကို ပေးဆပ်ခဲ့ပြီးဘဝတွင် အသက်ရှူချောင်၍ သာယာလှပလာသည်ဟု ထုတ်ဖော်ပြောကြားသွားသည်။ **(SKY)**



## IU ၏ 2024 IU HEREH World Tour ပထမဆုံး မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့

အဆိုတော်၊ သရုပ်ဆောင် IU ခေါ် Lee Ji Eun ၏ တစ်ကိုယ်တော်ဂီတပွဲ 2024 IU HEREH World Tour ဖျော်ဖြေခဲ့ရာ ကိုရီးယားတွင် ပထမဆုံး မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဖျော်ဖြေပွဲကို ဆိုးလ်ကမ္ဘာ့ဖလားအားကစားကွင်းတွင် ကျင်းပခဲ့ရာ အကြီးမားဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲ ကျင်းပနိုင်သည့် ပထမဆုံးအမျိုးသမီး အဆိုတော်အဖြစ် မှတ်တမ်းသစ် ရေးထိုးခဲ့ခြင်းဖြစ်သည်။

အားကစားကွင်းတွင် ထိုင်ခုံခြောက်သောင်းကျော် VIP ထိုင်ခုံ ၈၁၆ခုံ၊ စာနယ်ဇင်းထိုင်ခုံ ၇၅၄ခုံ၊ သီးသန့်အခန်း ၇၅ခန်းတို့ ပါဝင်





ခဲ့ပြီး ထိပ်တန်းဘောလုံးပွဲများ ကျင်းပရာနေရာဖြစ်ကာ၊ Seo Taiji and Boys, Big Bang နှင့် Seventeen အပါအဝင် K Pop အဖွဲ့အချို့သာ လက်ခံကျင်းပခဲ့သည့် နေရာဖြစ်သည်။

IU သည် Dragon၊ လင်ယောင်မွန်တို့နောက် ကြီးကျယ်ခမ်းနားသော တစ်ကိုယ်တော်ပွဲ ကျင်းပခဲ့သည့် ပထမဆုံး အမျိုးသမီး အဆိုတော်နှင့် တတိယမြောက် အနုပညာရှင်လည်း ဖြစ်ခဲ့သည်။ **(SKY)**

## အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့် ပြိုင်ပွဲဝင်များအား ကြိုဆိုဂုဏ်ပြုအခမ်းအနား ကျင်းပ

**လင်းခေး အောက်တိုဘာ ၂**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် လင်းခေး ခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင်များအား ကြိုဆိုဂုဏ်ပြုခြင်း အခမ်းအနားကို စက်တင်ဘာ ၂၉ မွန်းလွဲ ၂ နာရီက မြို့နယ်နှယ်ဝတီခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(လင်းခေး) ကျောင်းသား၊ ကျောင်းသူများက "အနာဂတ်လူရည်ချွန်" တေးသီချင်း သီဆိုဂုဏ်ပြုခဲ့ကြသည်။ ဆက်လက်ပြီး အသက် ၁၀ နှစ်မှ ၁၅ နှစ် အမျိုးသမီး ကဗျာလွတ်အက၊ ၁၀ နှစ်မှ ၁၅ နှစ် အမျိုးသမီးတစ်ပင်တိုင်အကများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက အဆိုပါပြိုင်ပွဲဝင်ခဲ့ကြသည့် အဖွဲ့အလိုက်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပြီးနောက် အမှတ်တရ စုပေါင်းဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။

ယင်းနောက် ဂုဏ်ပြုဖျော်ဖြေရေးအဖွဲ့များက တိုးနယားအက၊



ကိန္နရီကိန္နရာအကနှင့် ရှမ်းတိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။ **(အောက်ပုံ)**

ထို့နောက် လင်းခေးမြို့နယ် တောင်ရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းသား၊ ကျောင်းသူများ၏ "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း" တေးသီချင်း ဂုဏ်ပြုသီဆိုဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ စုံလင် ယုဇနလေး

## လေးမြတ်ဝန္ဒနာ


\- - - - - - - - - - - -

* ငါးဖြာအနန္တ ဂုဏ်ပေါင်းခသည်
တတ်သိပညာ အရာရာကို
သိပ္ပမချန် ဘေးရန်ဆီးကာ
စေတနာရှေ့ထား တပည့်များအတွက်
သင်ကြားပြတာ မြတ်ဆရာ ။

* တပည့်များ၏
ဘဝရှေ့ရေး မြော်မြင်တွေး၍
အရေးတယူ မပြုံရှုဖြား
မည်သူ့အားမျှ ကျောသားရင်သား မခွဲခြားခဲ့၊
အမှားအမှန် အသိဉာဏ်ဖြင့်
ဝေဖန်ပိုင်းခြား တတ်သိနားလည်
အမြင်ကြွယ်ရေး ဦးစားပေး၍
နည်းပေးညွှန်ပြ
ဆိုဆုံးမတာ မြတ်ဆရာ ။

* အနန္တမေတ္တာ ကရုဏာဖြင့်
စေတနာစွမ်းအင် စမ်းရေသွင်သို့
ဂုဏ်အင်ကြီးစွာ မြတ်ဆရာတို့
ဘယ်တွင်နေနေ ဘယ်မြေရောက်ရောက်
ဘယ်လောက်ဝေးဝေး
လေးလေးစားစား တပည့်များက
ညွှတ်တွားတည်ငြိမ် ကြိမ်ကြိမ်ဂါရဝ
ဦးနှိမ်ချ ပဏ္ဏာသပါလို့
ပြစ်ဝန္ဒနာ အခါခါချတဲ့ပြင်
လက်ဆယ်ဖြာ
ယှက်သွယ်ခါ, အစုံပေါင်းပါလို့
မြတ်ဆရာ, ဆရာမအပေါင်းတို့ကို
ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာ ချမ်းသာကြပါစေကြောင်း
လန်းဖြာ, ဝမ်းသာကြပါစေကြောင်း(ရယ်လို့)
ချစ်ရသူတပည့်အပေါင်းတို့က
မြတ်ဆုမွန် အခါခါတောင်းကြတယ်(ကွယ်)
သောင်းတိုက်ကကြား --- ။

**မြခြူးအိမ်-ကိုလေး**



## အမျိုးသမီးဘောလုံးလောကရဲ့အောင်မြင်သူ သို့မဟုတ် လစာအမြင့်မားဆုံးရရှိသူ ဘွန်မာတီ

ကမ္ဘာ့ဘောလုံးလောကတွင် အမျိုးသားဘောလုံးကစားသမားဖြစ်သော စီရော်နယ်လ်ဒို၊ မက်ဆီ၊ ဟာလန်း၊ ဘာပေ စသည့် ကစားသမားများကိုသာလစာနှင့် အောင်မြင်မှုများ ရရှိသည်ဟု ထင်မြင်ယူဆနိုင်သော်လည်း အမျိုးသမီးဘောလုံးလောကတွင်လည်း အောင်မြင်မှုများရယူနိုင်ပြီး လစာအမြင့်ဆုံးကစားသမားအဖြစ် ရပ်တည်နိုင်သော အမျိုးသမီးဘောလုံးကစားသမားတစ်ဦးရှိနေပါသေးသည်။

ထိုသူဟာ ဘာစီလိုနာအသင်းနှင့် စပိန်လက်ရွေးစင် အမျိုးသမီး ကွင်းလယ်ကစားသမား ဘွန်မာတီပဲဖြစ်ပါတယ်။ ဘွန်မာတီဟာ အမျိုးသမီးတစ်ဦးဖြစ်လင့်ကစား ယောကျ်ားသားများနည်းတူ အောင်မြင်မှုများစွာကို ရယူထားနိုင်သူလည်း ဖြစ်သည်။

ဘွန်မာတီဟာ အသက် ၁၁ နှစ် ကလေးဘဝကတည်းက ဘာစီလိုနာ အကယ်ဒမီကို ရောက်ရှိခဲ့ပြီး ကြိုးစားအားထုတ်မှုနှင့်အတူ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှ စတင်ကာ ဘာစီလိုနာအသင်းကြီးနှင့်အတူ ပွဲထွက်ခွင့်ရရှိခဲ့ပြီး ယနေ့အချိန်အထိ ပုံမှန်ပွဲထွက်ခွင့်များရရှိကာ အဖိုးတန်သွင်းဂိုးတွေကိုလည်း သွင်းယူနေသူဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်သာရှိသေးသည့် ဘွန်မာတီသည် ဘာစီလိုနာအသင်းတွင် တစ်နှစ်လုပ်ခလစာငွေ ယူရို ၇သိန်းနှင့် ၁သန်းအကြား ရရှိခဲ့ခြင်းကြောင့် အမျိုးသမီးဘောလုံးလောက၏ လစာအများဆုံး ကစားသမားတစ်ဦးဖြစ်လာခဲ့ခြင်း ဖြစ်ပါတယ်။ ထို့ပြင် ဘွန်မာတီဟာ ကစားသမားတစ်လျှောက်တွင်လည်း Ballond'Or ဆု၊ 2024 Laurcus Sportwoman Of The Year ဆု၊ ချန်ပီယံလိဂ် သုံးကြိမ်၊ စပိန်လက်ရွေးစင်အသင်းနှင့် ၂၀၂၃ ကမ္ဘာ့ဖလား၊ ၂၀၂၃-၂၀၂၄ Nations League ဆုဖလားများစွာကိုလည်း ဆွတ်ခူးထားနိုင်ခဲ့ပြီး အောင်မြင်မှုအလီလီ ရယူထားနိုင်သူလည်း ဖြစ်ပါသည်။

ဘွန်မာတီကို လက်ရှိအချိန်မှာ ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေပေမယ့် ငယ်ဘဝက အောင်မြင်မှုများရရှိအောင် မွေးထုတ်ပေးထားသည့် ဘာစီလိုနာ အသင်းအပေါ် သစ္စာရှိသူပီပီ မက်မောဖွယ်ရာ ကမ်းလှမ်းမှုများအား ငြင်းပယ်ပြီး ယနေ့အချိန်အထိ လက်တွဲမဖြုတ်စတမ်း အသင်းအတွက် ရှိနေဆဲဆိုတာ ၄င်းရဲ့ လုပ်ရပ်က သက်သေပင်ဖြစ်သည်။

ထို့ကြောင့် ဘွန်မာတီအနေဖြင့် လက်ရှိအမျိုးသမီးဘောလုံးလောကရဲ့ အောင်မြင်သူ သို့မဟုတ် လစာအမြင့်မားဆုံးရရှိသူဆိုသော ဂုဏ်ဒြပ်များကို နောက်ထပ် နှစ်ပေါင်းများစွာ ကြာရှည်တိုင်အောင် ထိန်းသိမ်းသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရဦးမည်ဖြစ်ပါသည်။

**နိုင်ကမ္ဘာ**




## သရက်မြို့၌ သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများပေးအပ်

**သရက် အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး၊သရက်မြို့ လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် သက်ကြီးဘိုးဘွားများအား အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် အိမ်တိုင်ရာရောက် ကွင်းဆင်း၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့ငွေများ ပေးအပ်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိမ်းလှဲ့ရည်နှင့်ဝန်ထမ်းများက သရက်ခရိုင်အတွင်းရှိ အသက်(၁၀၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် သက်ကြီးဘိုးဘွား ၁၃ ဦးကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**(ယာပုံ)**

**ဇော်ဝမ်းထွန်း(အောင်လံ)**

၀-၀-၀-၀-၀



# သတင်းပဒေသာ

## ရေဘေးကြောင့်ပျက်စီးခဲ့သော အိမ်ထောင်စုများအား ထောက်ပံ့

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်၊အဆုံ(ဇီးကုန်း)ကျေးရွာတွင် ရေဘေးကြောင့်ပျက်စီးခဲ့သော ကျေးရွာလမ်းနှင့် အိမ်ထောင်စုများအတွက် တပ်ကုန်းမြို့နေ ရွှေနန်းတော်ပွဲရုံမိသားစုမှ ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊အေးမြင့်သာယာအုပ်စု၊ ခါးပြတ်ကျေးရွာ အောင်စည်သာဘုန်းတော်ကြီးကျောင်းတိုက်တွင် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ကုသရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများသည် ရေဘေးရှောင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သန်းခေါင်စာရင်း စတင်ကောက်ယူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူရေးလုပ်ငန်းများကို မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှစ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူလျက်ရှိ

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့တွင် နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးစသည့်လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်သူတစ်ဦးချင်းစီနှင့် ပြည်သူအားလုံး၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ရက် နံနက်ပိုင်းက မြို့မရပ်ကွက်အတွင်းရှိ ပြည်သူတို့၏ နေအိမ်များသို့ လိုက်လံကွင်းဆင်း ကောက်ယူလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြော

ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နောင်တရားမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၃၀ ရက်တွင် ပင်လောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာနန်းနှင်းအိခိုင်က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူ

စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်သန်းခေါင်စာရင်း ကော်မတီ၏ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်များသည် အောက်တိုဘာ ၁ရက် နံနက်ပိုင်းမှ စတင်၍ ရွှေဘိုမြို့ပေါ်ရပ်ကွက်များတွင် စတင်ကောက်ယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လမ်း၊ တံတားများ ပြန်လည်ပြုပြင် ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျိုင်းတုံ-တောင်ကြီးလမ်းတွင် ပျက်စီးသွားသည့် လမ်း၊တံတားများ ပြန်လည်ပြုပြင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# (၂၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရေစက်ချအခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်၊ ဘူးကုန်း၊ သရက်ကုန်းကျေးရွာတို့၏ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရေစက်ချအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက နန်းဦးလွင်ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ဥယျာဉ်ပရိယတ္တိစာသင်တိုက်(ရန်ကင်းတောင်)ပဓာန နာယက သာသနဓဇတယ ဓမ္မကထိက ဓမ္မာစရိယ M.A ဒေါက်တာ ဘဒ္ဒန္တ ဉာဏိန္ဒာဘိဝံသဆရာတော်က ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။အခမ်းအနားသို့ ကျေးရွာလူမှုရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ကျေးရွာသူ၊ကျေးရွာသားများ တက်ရောက်ကြသည်။ နယုန်လကွယ်နေ့က ကျင်းပခဲ့သော ဆွမ်းတော်ကြီးလောင်းလှူပွဲတွင် ဝတ္ထုငွေကျပ် ၇၈၈၃၄၀၀၊ ဆွမ်းဆန်တော် ၂၂၅အိတ် (၃၃၇တင်း ရှစ်ပြည်)၊ ခေါက်ဆွဲခြောက် ၁၀ဖာ၊ သကာန်း ရှစ်စုံနှင့် သင်္ကန်းခြင်း တစ်ခြင်း၊ ကြက်သွန်နီ ၁၀အိတ်၊ ဆပ်ပြာ ၁၄ ကတ်၊ ဆပ်ပြာမှုန့် ၇အိတ်၊ သွားတိုက်ဆေး တစ်အိတ်၊ ဆပ်ပြာဆီ နှစ်ဖာနှင့် ၁၀ဘူး၊ အချိုရည် နှစ်ဖာ၊ မုန့် သုံးဖာ၊ ဖောင်းစိန်အကြော်စုံ တစ်ဖာ၊ အသီးအနှံစုံ တစ်အိတ်၊ ဂျင်းပေါက်(ချင်းပေါက်) နှစ်အိတ်၊ ဆား ၁၃ အိတ်၊ မုန့်မျိုးစုံ တစ်အိတ်နှင့် တံမြက်စည်း၊ ရေစစ်၊ ဖိနပ်၊ ကြက်ဥနှင့် လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို လောင်းလှူခဲ့သည်။ ယခုတော်သလင်းလကွယ်နေ့တွင် ရေစက်ချအခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၁)



# ပန်ဆိုင်း(ကြူကုတ်)လူမှုရေးအသင်း ကောဒသမအကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ မန္တလေးမြို့၊ ပန်ဆိုင်း(ကြူကုတ်)လူမှုရေးအသင်းက ကောဒသမအကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် ပုဂံအတွင်းဝန်တိုက်မှ သံဃာတော်အပါး ၄၀၊ မြင်းဝန်တိုက်မှ သံဃာတော်အပါး ၁၅၀၊ တောင်သမန်တိုက်မှ သံဃာတော်အပါး ၅၀နှင့် ဆူးခါးတိုက်မှ သံဃာတော်အပါး ၁၀၊စုစုပေါင်း အပါး ၂၅၀ တို့ကို ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် မန္တလေး၊ ပန်ဆိုင်း(ကြူကုတ်)လူမှုရေးအသင်းက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

(အပေါ်ပုံ) (၀၉၃)

# သံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး၊ ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၃၂လမ်းနေ ကွယ်လွန်သူ ဒေါ်ခင်မမတင်အား ရည်စူး၍ ဦးတင်အေး၊(သမီး) ဒေါ်သစ်သစ်အေး မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ဆယ်သိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



# ဆေးပဒေသာပင် အလှူငွေ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြသော အနယ်နယ်အရပ်ရပ်မှ သံဃာတော်များအတွက် အလှူရှင် မန္တလေး၊ ၆၅(A)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်ကြူကြူအားရည်စူး၍ (သမီး)မကြည်ပြာက ဆေးပဒေသာပင်အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ အလှူခံဌာန တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး သာဓုအနုမောဒနာခေါ်ဆိုကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင် နှင့် အခြားဘက်စုံ အလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅ လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လည်းကောင်း၊ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်၍ လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၁)**



# ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**တပ်ကုန်း အောက်တိုဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နာယကများပူးပေါင်း၍ မြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာ၊ အိမ်ထောင်စုများအား ယမန်နေ့ နံနက်ပိုင်းက ကျေးရွာအရောက် ထောက်ပံ့လှူဒါန်းခဲ့သည်။

အဆိုပါထောက်ပံ့လှူဒါန်းရာတွင် ဘုရင့်နောင်ရပ်ကွက်တွင် အိမ်ထောင်စု ၁၀၇ အိမ်၊ သပြေကုန်းကျေးရွာတွင် အိမ်ထောင်စု ၅၆ အိမ်၊ ကြို့ကုန်းကျေးရွာတွင် အိမ်ထောင်စု ၅၅ အိမ်၊အဆုံ(ဇီးကုန်း)ကျေးရွာတွင် အိမ်ထောင်စု ၇၂ အိမ်တို့အတွက် စုစုပေါင်း ထောက်ပံ့လှူဒါန်းငွေ ၁၄၆သိန်းတို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း မြို့နယ်ဂီတအစည်းအရုံးအတွင်းရေးမှူးထံမှ သိရသည်။

(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)

# တာဝန်ထမ်းဆောင်ကြသည်ဆိုရာဝယ်

(၃၀-၉-၂၀၂၄) စာမျက်နှာ-၁၇မှ အဆက်

ကျောင်းကပြန်ရောက်လာသည်နှင့် ကုန်တိုက်ဖက်သို့ အခြေအနေပြေးကြည့်သည်။ ထောင့်နှစ်ဖက်ပိတ်ထားသောမြောင်းမှ ရေမရှိတော့ မြေအောက်ခန်းလည်း ရေခန်းလုပြီဖြစ်သည်။ နံရံတွင် ဘိလပ်မြေဆွဲအားကောင်းရန် ပြင်ဆင်နေသော ပန်းရံအဖွဲ့ကို တွေ့ရသည်။ နေ့လယ်တွင် တိုင်းမှူးကြီး လာရောက်ကြည့်ရှုစစ်ဆေးမည်ဟု အကြောင်းကြားထားသည်။ ဧည့်ခံရန်စီစဉ်ရပြီ ကုန်တိုက်အပေါ်ထပ်များကို ဆရာနှင့်အတူကြည့်၍ လိုသည်များစစ်ဆေးသည်။ အပေါ်ထပ်များတွင် အလုံးစုံပြီးသလောက်ဖြစ်နေပြီး မြေအောက်ကားပါကင်သာကျန်သည်။ ထမင်းစား၊ အဝတ်အစားလဲ၍ အဆင်သင့်စောင့်ရသည်။ အိပ်ရေးကပျက်၊ နေလဲမကောင်း ဆေးသောက်ထားရသည်။ အင်ဂျင်နီယာကိုသာလှမော်ကတော့ ဖျားပြီ၊ အိပ်ရာထဲတွင် ကွေးနေပြီ၊ လူကြီးလာလျှင် ကျွန်တော်ပဲအဆင်ပြေအောင် ရှင်းပြရတော့မည်။ လိုအပ်သောစာရင်းဇယားများ၊ အချက်အလက်များကို အဆင်သင့်ပြင်ဆင်ထားသည်။ အဓိကရှင်းပြမည်က ဆောက်လုပ်ပြီးစီးမှု ရာခိုင်နှုန်းနှင့် အပ်နှံနိုင်မည့် ရက်စွဲဖြစ်သည်။ အပြီးသတ်အပ်ရမည်က ရက်ပိုင်းမျှသာ လိုတော့သည်။ ကျွန်တော်တို့၏ မြေအောက်ခန်းတွင် ရေကူး၍ ကောင်းတုန်းဖြစ်သည်။ ငွေကြေးပိုမိုသုံးစွဲ၍ ရနိုင်မည့်အခြေအနေကို ဖန်တီးထားပြီးဖြစ်သည်။

တိုင်းမှူးယာဉ်တန်း ရောက်လာပြီဆိုသည်နှင့် ၂၆ဘီလမ်း လှေကားအတက်မှ စောင့်ကြိုသည်။ ပထမထပ်သို့ဖိတ်ခေါ်၍ ဧည့်ခံပြီးရှင်းလင်းတင်ပြသည်။ အပ်နှံရန် ရက်ပိုင်းမျှသာလိုတော့သဖြင့် အပ်နှံနိုင်မည့်ရက်ကို မေးမြန်းသည်။ တစ်ပတ်အတွင်း အာမခံလိုက်သည်။ ကျန်ရှိသောတစ်ပတ်အား သက်ဆိုင်ရာအဖွဲ့က လာရောက်ခင်းကျင်း၍ ပစ္စည်းများ ချလိုသည်ဟုပြော၍ ခွင့်ပြုပေးလိုက်သည်။ ညစောင့်တစ်ယောက်ပါတိုး၍ ချထားပေးမည့်အစီအစဉ်နှင့် မြေအောက်ခန်း ရေမဝင်စေရန် နံရံပြင်ဆင်ခြင်းအပြင် ပတ်လည် ၉ပေကျော် အနက်ရှိ ရေနုတ်မြောင်းအားလည်း ကွန်ကရစ်မြောင်းအဖြစ် ပြန်လည်ပြင်ဆင်နေကြောင်း တင်ပြခဲ့သည်။ တိုင်းမှူးကြီးက အများသောက်ရန် အချိုရည်ဗူးများ လက်ဆောင်အဖြစ်ပေးခဲ့သည်။ ဝမ်းသာလှသည်။ နေ့ ညမနားမနေ ဆင်းရမည့်သူများအတွက် အင်အားတစ်ရပ်ပင်ဖြစ်သည်။ တိုင်းမှူးပြန်လည်ထွက်ခွာခါနီး ပထမအထပ်တွင် လှည့်လည်ကြည့်နေစဉ် သစ်သီးနှင့်မုန့်တချို့ကို အဆင်သင့်ထုပ်၍ အောက်ထပ်မှ စောင့်ရန် မှာကြားခဲ့သည်။ တိုင်းမှူးယာဉ်တန်း ပြန်လည်ထွက်ခွာခါနီးတွင် ပိုင့်မော်တော်ယာဉ်ပေါ်မှ အဖွဲ့ကို စားသောက်ဖွယ်အထုပ် တင်ပေးသည်။ ပိုင့်ကားတွင် ဖခင်၏တပည့်ကို ကျွဲကြီးနှင့်အဖွဲ့များ လိုက်ပါသည်။ အားလုံးနီးပါး ကျွန်တော့အား ချစ်ခင်ရင်းနှီးကြသူများ ဖြစ်သည်။ ထိုစဉ်မှစ၍ နှစ်ပေါင်း ၃၀ကျော်ကာလထိ မိမိနှင့် ပိုင့်ကားကြုံတိုင်း တတ်နိုင်သမျှ စားစရာသောက်စရာများ တင်ပေးလေ့ရှိသည်။ အချိန်လုသွားနေရသူများအတွက် အမောပြေ၊ အဆာပြေ အထောက်အကူဖြစ်စေရန် ဖြစ်သည်။

တပ်မတော်ကုန်တိုက်နှင့် အခြားအဆောက်အအုံများ ဆောက်လုပ်ရေးတွင် လုပ်ငန်းပိုင်း၊ ငွေကြေးပိုင်းများ အားလုံးအဆင်တပြေရှိသော်လည်း မိမိ၏ ကျန်းမာရေးနှင့် ပညာရေးတို့ကြောင့် အလုပ်မှနားမှ ဖြစ်မည်။ ပြန်လုပ်လျှင်လည်း ကျောင်းပြီးမှသာ အဆင်ပြေမည်။ တပ်မတော်ကုန်တိုက်ကြီး အပ်နှံပြီးလျှင် အလုပ်နားမည်ဟု ရည်ရွယ်ထားသည်။ သူငယ်ချင်းလှသူမှာလည်း သူ့အိမ်မှ ပြန်ခေါ်သွားပြီ ဖြစ်သည်။ မိမိအလုပ်မှမနားမီ မိမိ၏တာဝန်ပိုင်းအပြင် လုပ်ငန်းကြီးတစ်ခုလုံး အဆင်ပြေစေရန် သူ့တာကိုယ့်တာမခွဲဘဲ အားသွန်ခွန်စိုက်ကြိုးစားပေးခဲ့မည်ဟု ရည်ရွယ်ထားသည်။ နေ့မအား ညမနား လိုအပ်သည်များကို ဆောင်ရွက်ပေးနေကြောင်းလည်း ဗမာအင်ဂျင်နီယာအဖွဲ့က သိရှိပြီးဖြစ်၍ ကျောင်းတက်ခွင့်ပင် ပေးထားခြင်းဖြစ်သည်။

တိုင်းမှူးကြီးက အပ်နှံရက်စွဲကို အဓိကထား၍ မေးမြန်းခဲ့သဖြင့် တစ်ပတ်အတွင်း အပ်နှံမည်ဟု ဖြေကြားခဲ့ပြီဖြစ်၍ မဖြစ်မနေပြီးအောင် နေ့/ညဆောင်ရွက်ကြရပြီ။ တိုင်းမှူးကြီး၏ လက်ဆောင်အချိုရည်များ၏ ကျေးဇူးကလည်းကြီးသည်။ ချမ်းချမ်းအေးအေး ရေတစိုစိုဖြင့် လုပ်ရသော အလုပ်ခွင်အတွက် အရေးပါလှသည်။

ညပိုင်း ဘိလပ်မြေ၊ သံ၊ သစ်၊ သဲ၊ ငွေစာရင်းများကို အချောသပ်လုပ်ကိုင်နေစဉ် မော်လမြိုင်မှ ဖုန်းဆက်လာသည်။ ရန်ကုန်မြို့ စစ်ဆေးရုံတွင် ဖခင်ဖြစ်သူအား ပြန်ပြရန်အတွက် ရက်ချိန်းသည် ရက် ၂၀ခန့်သာ လိုတော့ကြောင်း အကြောင်းကြားခြင်းဖြစ်သည်။ မော်လမြိုင်မြို့၊ ဈေးကြို၊ ဆန်တန်း၊ ခြံကြီးစု၊ ရန်အောင်လမ်းတွင် မိမိတို့၏ တစ်ဧကခွဲခန့် ခြံရှိသည့် ခြံထဲတွင် မိခင်၊ ဖခင်နှင့် အစ်မဖြစ်သူ၊ တူလေး(မူလတန်း)တို့ နေထိုင်သည်။ ဖခင်အား ဆေးရုံပြလျှင် ခြံထဲတွင် နေမကောင်းသော မိခင်အား စောင့်ရှောက်ရန် အစ်မနှင့်တူလေး နေခဲ့မှရမည်။ မဖြစ်မနေ မော်လမြိုင်မြို့သို့ပြန်ရန် အကြောင်းဖန်လာပြန်သည်။ တပ်မတော်ကုန်တိုက် အပ်ပြီးလျှင် အလုပ်နားမည်ဟု စဉ်းစားထားသည့်မို့ မဖြစ်မနေနားရမည့် အကြောင်းကလည်း ဖန်လာပြန်ပြီဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ဗလ

# အငြိုးမပြေသေးတဲ့ မန္တလေးမိုးနဲ့မြစ်ရေ

မန္တလေးရဲ့အောက်တိုဘာလ ပထမရက်ကတော့ ညသန်းခေါင်ကျော်ကတည်းက အနောက်နဲ့ အနောက်မြောက်ကနေ မိုးခြိမ်းသံတညံညံပေးကာ တစ်ချက်တစ်ချက် လျှပ်တွေဝင်းလက်ပြီး မိုးသံပေးနေခဲ့ပါတယ်။ အရုဏ်တက်ပြီး ၆ နာရီဝန်းကျင်လောက်မှာ မိုးဖွဲ့ဖွဲ့ ကျလာပါတော့တယ်။ ပြီးတော့ ရွာလိုက်တဲ့မိုးဗျာ သဲကြီးမဲကြီး။ အနောက်တောင်နဲ့ တောင်ကနေ မိုးတွေညို့တက်လာလိုက် အုံးအုံးနဲ့ ရွာချလိုက်နဲ့ မန္တလေးလမ်းတွေမှန်သမျှ ရေကူးလို့ရနေပါပြီ။ တစ်နေကုန် လင်းတာကနည်းနည်း မှောင်တာများများနဲ့ မထင်ရင်မထင်သလို မိုးက ရေအားကောင်းကောင်းနဲ့ ရွာချနေဆဲပါ။

မိုးချုပ်ကာနီးမှ သူနားသွားတယ်။ မန္တလေးလမ်းမတွေပေါ်မှာတော့ လူတွေဟာ မလုပ်မဖြစ်၊ မသွားမဖြစ်မို့ ထီးတွေမိုးကာတွေနဲ့ တချို့လည်း ဗလာပေါ့၊ အညာသူအညာသား မိုးကြောက်တယ်ဆိုပေမယ့် ခုတော့ သည်မိုးသည်လေနဲ့ အသားကျသလို ဖြစ်နေပါပြီ။

မန္တလေးမှာ စက်တင်ဘာတစ်လလုံး မိုးရွာရက် ၁၂ ရက်ရှိခဲ့ပြီး ပျမ်းမျှမိုးရေချိန် ၈ ဒသမ ၇၄ လက်မ ရှိခဲ့ပါတယ်။ ဒီလမှာဆိုရင် ရွာသွန်းမြဲထက် ၁ ဒသမ ၇၈လက်မ ပိုရွာခဲ့ကြောင်း သိရပါတယ်။

ဒီအချက်အလက်တွေကို မန္တလေးတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ညွှန်မှူးကြီးနဲ့ တာဝန်ရှိသူတွေက စာရေးသူသိလိုသမျှကို မဆိုင်းမတွ ပြန်ပြောပေးကြပါတယ်။

မျက်မှောက်အခြေအနေဟာ ကမ္ဘာနဲ့အဝန်းမှာ ဖောက်ပြန်လာတဲ့ အပူကဲ၊ အအေးပို၊ မုန်တိုင်းထန်၊ မိုးသည်း၊ ရေကြီးမြေပြိုတာတွေကို ရင်ဆိုင်ရမှု စိပ်လာလို့ပါပဲ။ ဒါနဲ့တစ်ပြိုင်တည်းမှာပဲ သဘာဝဘေးအန္တရာယ်တွေကို ဘယ်လိုတိတိကျကျနဲ့ ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် သိဖို့လုပ်ကြမလဲ၊ ပြီးတော့ လက်ဦးမှုယူ ကြိုတင်ရှောင်တိမ်းကြဖို့အလုပ်ဟာ နိုင်ငံတိုင်းအတွက် အရေးကြီးကိစ္စတစ်ရပ် ဖြစ်လာနေပါပြီ။ သာမန်အမှုမဲ့အမှတ်မဲ့ နေသွားလို့မရတာ ပေါ်လွင်ပါတယ်။ မိုးရွာသွန်းမှုဟာ ပုံမှန်ယခင်နှစ်များကထက် ဒီမိုးနှောင်းစ စက်တင်ဘာမှာ ပိုများလာတာ မနှစ်ကစတယ်လို့ ပြောရမှာပါ။ မိုးဇလဌာန မှတ်တမ်းတွေအရ မနှစ်က ဒီလိုစက်တင်ဘာလမှာ တစ်လလုံးရဲ့ မိုးရေချိန်စုစုပေါင်းက ၈ ဒသမ ၃၁ လက်မရှိခဲ့ပြီး ဒီနှစ်မှာတော့ ၈ ဒသမ ၇၄ လက်မပါ။ ဒါဟာ စက်တင်ဘာလရဲ့ ပုံမှန်မိုးရေချိန်ထက် ၁ ဒသမ ၇၈ လက်မ ပိုရွာသွန်းခဲ့တာပါ။ ၂၀၂၂ ခုနှစ် တုန်းကတော့ ၃ ဒသမ ၅၀ လက်မပဲ ရှိခဲ့တာပါ။ ဒါကိုကြည့်ရင် မနှစ်ကစပြီး မိုးနှောင်းအစရောက်တော့မှပဲ မိုးကလိုတာထက်ပိုများနေတာကို တွေ့ရပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ရာသီနဲ့ချိန်ပြီး စိုက်ရ၊ ရိတ်သိမ်းရတဲ့သီးနှံတွေ ပျက်စီးနိုင်သလို မလိုအပ်ဘဲ မှိုပိုးကျတာတွေ၊ ပျက်စီးတာတွေ ဖြစ်နိုင်ပါတယ်။

ဒီရက်ပိုင်းမှာ နိုင်ငံရဲ့မိုးလေဝသနဲ့ဇလဗေဒဌာနက ကြိုတင်ထုတ်ပြန် သတိပေးချက်တွေအရဆိုရင် ခုအောက်တိုဘာ ပထမ ၁၀ ရက်အတွင်း ရွာသွန်းမြဲထက် ပိုနိုင်ကာ လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်တယ်လို့ သိရပါတယ်။

ဒါဆိုရင် နဂိုစက်တင်ဘာထဲမှာလည်း ဒုတိယ၊ တတိယပတ်တွေထဲ ရွာခဲ့လို့ ရေကြီးရေလျှံဖြစ်ကာ တံတားတွေကျိုး၊ လမ်းတွေပျက်၊ စိုက်ခင်းတွေပျက်၊ ဓာတ်အားလိုင်း၊ တာဝါတိုင်များနဲ့ ထရန်စဖော်မာတွေ ပျက်စီးခဲ့ရတာ စာဖတ်သူတွေအသိပါ။ ချောင်းကမ်းပါးယံတွေ ရေလွှမ်းတယ်၊ လမ်းတွေရေကျော်တယ်၊ နေရာအတော်များများ ရေဖုံးလွှမ်းခဲ့တာကြောင့် မြေအောက်ရေပိုကာ မြေတွင်းအစိုဓာတ်များနေပါတယ်။ ချောင်းဘေး၊ မြစ်ဘေး၊ ကမ်းပါးယံဘေးနေသူတွေ ပိုလို့သတိပြုကြရမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး မန္တလေးဟာ ဧရာဝတီမြစ်ကမ်းဘေးဖြစ်တာမို့ မန္တလေးနဲ့အထက်ပိုင်း ဆက်စပ်နေတဲ့ ဒေသတွေရဲ့ ခုလာမယ့် အောက်တိုဘာလရဲ့ ဧရာဝတီမြစ်ရေအခြေအနေကို ကြည့်ရင် မိုးဇလရဲ့ ကြိုတင်သတိပေး ထုတ်ပြန်ချက်အရ ၁.၁၀.၂၀၂၄ ရက်မှ ၁၀.၁၀.၂၀၂၄ရက်ထိ ၁၀ရက်စာ ခန့်မှန်းချက်မှာ ဧရာဝတီမြစ်ရေဟာ မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူ၊ ကသာ၊ သပိတ်ကျင်းနဲ့မန္တလေး၊ စစ်ကိုင်းတို့မှာ ၂ပေ မှ ၅ပေခန့်ထိနှင့် မြင်းမူ၊ ပခုက္ကူ၊ ညောင်ဦး၊ ချောက်၊ မင်းဘူး၊ မကွေးတို့မှာ ၁ပေမှ ၁ပေခွဲခန့်ထိ လက်ရှိရေမှတ်များထက် မြင့်တက်နိုင်တယ်လို့ သိရပါတယ်။ ဒါဆိုရင် အထက်ကပြောခဲ့သလို အဲဒီဒေသ မြို့ရွာ မြစ်ကမ်းဘေးနေသူတွေနဲ့ ရေပြင်မှာ ရေထဲမှာ လုပ်ကိုင်ရသူတွေ၊ ရေကြောင်းသွားလာတဲ့သင်္ဘောတွေ သတိပြုကြိုတင်တွက်ချက် ပြင်ဆင်နိုင်ဖို့ဖြစ်ပါတယ်။ မထင်မှတ်ပဲ ရေကြီးရေလျှံလာမှုကြောင့်နဲ့ ဒီလောက်တော့ မဖြစ်တန်ကောင်းပါဘူးဆိုတာရယ်နဲ့ ဖြစ်လာမှ ရှောင်တိမ်းခက်ရ၊ လက်လွတ်စပယ် စုစုစည်းစည်းစည်းနဲ့ ကြိုတင်တိမ်းရှောင်ချိန် မရလိုက်တာမျိုးတွေ မဖြစ်စေလိုပါ။ **သဘာဝဘေးဆိုတာ စီမံခန့်ခွဲဖို့ ခက်ခဲသလို ကန့်သတ်ထားဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။** ဒါကြောင့်စာရေးသူတို့ ပြည်သူတွေလုပ်နိုင်တာဟာ **ကြိုတင်သတိပေးချက်တွေကို အချိန်နဲ့တပြေးညီ သိအောင်လုပ်ပြီး ကြိုတင်ရှောင်တိမ်းမှုလုပ်မယ်၊ ဖြစ်ပွားချိန်မှာတာဝန်ရှိကြတဲ့ ဌာနဆိုင်ရာနဲ့ပရဟိတကူညီကယ်ဆယ်ရေး စွမ်းအားရှင်တွေက အမြန်ကူညီပေးဖို့ပါပဲ။** ဒီအတွက် လိုအပ်ချက်များသလို ကန့်သတ်ချက်တွေလည်း များတယ်၊ အသက်ကို အသက်နဲ့ရင်းရတဲ့လုပ်ငန်းပါ။ လူတိုင်းလုပ်ရန် ခက်ခဲလှတာမို့ ကန့်သတ်ချက်ရှိတယ် ပြောတာပါ။

ခုအောက်တိုဘာလဆန်း ပထမပတ်တွင်း ဖြစ်ပေါ်လာနိုင်တဲ့ ရာသီဥတုအခြေအနေကို စာရေးသူတို့နိုင်ငံ မိုးဇလဌာနမှ စက်တင်ဘာလ ၂၉ ရက်နေ့ မြန်မာ့အလင်းသတင်းစာမှာ ကြိုတင်ထုတ်ပြန်ချက်အရ ခုလိုသိရပါတယ်။ ဘယ်လိုလဲဆိုရင် အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးအပါအဝင် တိုင်းနဲ့ ပြည်နယ် ၁၂ခုတို့မှာ နေရာစိတ်စိတ်ကနေ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာကာ အချို့ဒေသတွေမှာ နေရာကွက်ပြီး မိုးကြီးကာ လေပြင်း တိုက်ခတ်နိုင်ပါတယ်။

ဒါကဘာကြောင့်ဖြစ်ရတာလည်းဆိုရင် လေပွေလှိုင်းများအရှိန်၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လို့ သိရပါတယ်။

ကုန်းမြင့်အနီးနေထိုင်သူတွေက မြေပြိုမှုအန္တရာယ်၊ မြစ်ချောင်းငယ်အနီး နေထိုင်ကြသူတွေက ရေကြီးရေလျှံမှုများနဲ့ ရေကြောင်း၊ လေကြောင်း ခရီးသွားလာကြမယ့်သူတွေဟာ ယခုပြီးခဲ့တဲ့ စက်တင်ဘာ တတိယပတ်တွင်းက ဖြစ်စဉ်များအပေါ် အတွေ့အကြုံယူကာ ကြိုတင်သတိပြုနိုင်ကြစေဖို့ မေတ္တာဖြင့် နှိုးဆော်လိုက်ရပါတယ်။

ရေချမ်း-မန်း



## ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဘုရား(၉)ဆူအား မိုးကြိုးလွှဲတပ်ဆင်လျက်ရှိရာ ဘုရားလေးဆူ မိုးကြိုးလွှဲတပ်ဆင်ပြီးဖြစ်

**ညောင်ဦး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းရှိ ဘုရား ကိုးဆူကို မိုးကြိုးလွှဲတပ်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ဘုရားလေးဆူ မိုးကြိုးလွှဲတပ်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံက သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်သော်လည်း ရာသီဥတုဖောက်ပြန်မှုများနှင့်အတူ ၂၀၂၃ခုနှစ်အတွင်း ဗူးဘုရားစေတီတော်နှင့်ဓမ္မရာဇကစေတီတော်တို့အား မိုးကြိုးစက်ကွင်းထိမှန်ခဲ့ကြောင်း ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့စေရန်နှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုလည်း အမြဲမပြတ်ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ သမိုင်းအထင်ကရ ဘုရားများဖြစ်သည့် ငက်ပစ်တောင်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရား၊ ရှင်အရှဂေါဏဘုရား၊ ပြာသာဒ်ကြီးဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊လေးမျက်နှာဘုရား၊ မင်္ဂလာစေတီနှင့်စေတနာကြီးဘုရားတို့တွင် မိုးကြိုးလွှဲတပ်ဆင်လျက်ရှိရာ ငက်ပစ်တောင်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရားနှင့် ရှင်အရှဂေါဏဘုရားလေးဆူတို့ မိုးကြိုးလွှဲတပ်ဆင်ပြီးစီးသည့် ဘုရားလေးဆူတို့အား ကွင်းဆင်းစစ်ဆေးခဲ့သည်။

(အပေါ်ပုံ)

ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန-ပုဂံဌာနခွဲမှ တာဝန်ရှိသူများနှင့်ဆောက်လုပ်ရေးအထူး အဖွဲ့(၇)မှ တာဝန်ရှိသူများသည် မိုးကြိုးလွှဲတပ်ဆင်ရန် ကျန်သည့် ရှေးဟောင်းဘုရား(၅)ဆူတို့ကို မိုးကြိုးလွှဲတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိဘုရားများ မိုးကြိုးလွှဲဆက်လက်တပ်ဆင်နိုင်ရေး ငြမ်းဆင်ခြင်းလုပ်ငန်းနှင့် တိုင်းတာခြင်းလုပ်ငန်းများဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

(၄၈၁)

## သီးနှံမျိုးစုံ(၃၉၃၆)ဧက ရေပြည့်ဝစွာပေးနိုင်ရေး ငပြောင်မြောင်းတွင် သဲနုန်းများ တူးဖော်ပေး

**ကျောက်ဆည် အောက်တိုဘာ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရေစီးရေလာ ကောင်းမွန်စွာဖြင့် စိုက်ပျိုးသီးနှံများ အောင်မြင်စွာရေပေးဝေနိုင်ရေး၊ တိမ်ကောနေသည့် မြောင်းများအား သဲနုန်းများတူးပေးခြင်း၊ မြောင်းနံရံများအား ကျောက်ဆလံစီပေးခြင်း၊ ပျက်စီးနေသည့် ရေပေးပြွန်များ၊ ရေကျအဆောက်အအုံများအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ သီးနှံမျိုးစုံ ၃၉၃၆ဧက ရေပြည့်ဝစွာပေးဝေနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ခွင့်ပြုငွေ ၂၈ ဒသမ ၀၀၀ သန်းဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှတာဝန်ယူကာ ရှမ်းရွာကြီးကျေးရွာအနီး ငပြောင်မြောင်း၏ ပေတိုင်အမှတ်၀+၀၀၀မှ၂၅+၀၀၀၊ အရှည် ၃၂၀၀၀ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ၅ပေ တူးဖော်ပေးခဲ့ခြင်း ဖြစ်သည်။

သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်သောကြောင့် ငပြောင်မြောင်းမှ စပါး၊ နှမ်း၊ ငရုတ်၊ ကြက်သွန်စသည့် သီးနှံမျိုးစုံစိုက်ဧက ၃၉၃၆ဧကအား စိုက်ပျိုးရေများ ပေးဝေရာတွင် ရေအလေအလွင့် ဆုံးရှုံးမှုနည်းပါးစွာဖြင့် ရေစီးရေလာ ကောင်းမွန်စွာလိုအပ်သလို ရေများ ပေးဝေနိုင်ပြီဖြစ်ပြီး လိုအပ်သည့် ရေပမာဏပြည့်ဝစွာ ပေးဝေနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

(အောက်ပုံ)(၄၈၅)



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းဆောင်ရွက်

**ပွင့်ဖြူ အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအန္တရာယ် လျှော့နည်းစေရေးအတွက် ဈေးရောင်းဈေးဝယ် ပြည်သူများ သိရှိစေရန် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက် ၇ နာရီက ပွင့်ဖြူမြို့မ စည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်ပူးပေါင်းပြီး ပွင့်ဖြူမြို့မ စည်ပင်သာယာဈေးအတွင်း၊အပြင်ရှိ ဈေးရောင်းဈေးဝယ် ပြည်သူများကိုတွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ်အစားထိုး ပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက် ၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ ပြည်သူများ အစားအစာ ဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး ၊ အသီးအရွက်နှင့် စားကုန်ပစ္စည်းများကို စနစ်တကျ ရောင်းချကြရန်နှင့်ဈေးရောင်းပြီးချိန်တိုင်း ဈေးဆိုင်ခန်းဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မဈေးရှိ ဈေးရောင်းဈေးဝယ်ပြည်သူများကို သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး ပလတ်စတစ်ပစ္စည်းသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ပလတ်စတစ်ပစ္စည်း အစားထိုးအသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ကိုအခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(၄၄၅)

## ယခုနှစ်မိုးမြေပဲ ၇၂၄၃ဧက ရိတ်သိမ်းပြီး ၃၁၅၁၄၃တင်း ထွက်ရှိ

**ကျွန်းလှ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော မြေပဲ ၇၂၄၃ ဧက ရိတ်သိမ်းပြီး ၃၁၅၁၄၃ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးရာသီ ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ၊ နှမ်းနဲ့ နေကြာသီးနှံများ စိုက်ပျိုးခဲ့ပါတယ်။ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ အဓိကစိုက်ပျိုးကြပြီး တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ အခုအခါ မြေပဲစိုက်ဧကအားလုံးရိတ်သိမ်းပြီး တစ်ဧက ၄၃ ဒသမ ၅၁ တင်းထွက်ရှိပါတယ်။ ဆောင်းမြေပဲစိုက်ပျိုးကြဖို့ တောင်သူတွေ ပြင်ဆင်နေကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်နည်းစနစ်မှန်ကန်ရေး သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြများပြုလုပ်ခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ ကွင်းဆင်းအသိပညာပေးခဲ့သည်။**(အောက်ပုံ)**

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန် ၇၂၂၃ဧက လျာထားပြီး ၇၂၄၃ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

(၄၈၀)



## ပို့ကုန်ရငွေများကို နိုဝင်ဘာလအတွင်း ပေးသွင်းလျှင် ဖြေလျှော့မှုခံစားခွင့်ရမည်

ပြည်ပသို့တင်ပို့သည့် လုပ်ငန်းရှင်များအနေဖြင့် ပြည်ပတင်ပို့မှုမှ ရရှိသော ပို့ကုန်ရငွေများကို ဖြေလျှော့မှုပြုလုပ်ထားသည့်ကာလအတွင်း မပျက်မကွက် ပြန်လည်ပေးသွင်းရန်လိုအပ်ပြီး ဖြေလျှော့မှုများ ခံစားခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဗဟိုဘဏ်မှ အသိပေး ကြေညာထားသည်။

အဆိုပါအကြောင်းအရာနှင့် ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဧပြီ ၃ ရက်မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၇ ရက်ထိ တင်ပို့ခဲ့သော ပို့ကုန်ကြေညာလွှာ(ED Form) များအတွက် နိုဝင်ဘာလကုန်အတွင်း ပို့ကုန်ရငွေ ပြန်လည်ပေးသွင်းပါက ၂၅-၇၅ ရာခိုင်နှုန်းဖြင့် ခံစားခွင့်ပြုမည်ဖြစ်သည်ဟု ဆိုသည်။

"ပို့ကုန်ရငွေ ၅၀-၅၀ရာခိုင်နှုန်းအချိုး၊ ၆၅-၃၅ ရာခိုင်နှုန်း အချိုးရရှိသော ကာလများက ပို့ကုန်ရငွေ ပေးသွင်းတာ မရှိသေးပါက ပို့ကုန်ရငွေ ပြန်လည်ပေးသွင်းဖို့ ဖြေလျှော့ပေးတာ ဖြစ်ပါတယ်"ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ယခင်က ပို့ကုန်ရငွေ ၃၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်လဲလှယ်ရာကမှ ပြီးခဲ့သည့် ဩဂုတ်လမှစတင်၍ ၂၅ ရာခိုင်နှုန်းကိုသာ ဗဟိုဘဏ် သတ်မှတ်ချက်များအတိုင်း မြန်မာကျပ်ငွေနှင့်လဲလှယ်ဖို့ ဗဟိုဘဏ်က ဖြေလျှော့ပေးထားပြီးဖြစ်သည်။

သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ဝင်ရောက်ခြင်းမရှိပါက ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်း၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။

(မန္တလေးနေ့စဉ်-ဖ)

# အမြို့မြို့အနယ်နယ်တွင် သန်းခေါင်စာရင်း ကောက်ယူလျက်ရှိ

**သရက် အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁ရက် နံနက်ပိုင်းမှစတင်၍ ကောက်ယူခဲ့ရာ သက်ဆိုင်ရာကောက်ကွက်များအလိုက် စာရင်းစစ်၊ စာရင်းကောက်များက ရပ်ကွက်ကျေးရွာများတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါစာရင်းကောက်ကွက်နေရာများသို့ သရက်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒချမှတ်ရေးအတွက် အရေးကြီးသည့် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ ရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်သောကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သရက်ခရိုင်အတွင်း သန်းခေါင်စာရင်းကောက်ယူနိုင်သည့် နေရာဒေသများတွင် မထပ်မကျန် ကောက်ယူသွားရမည်ဖြစ်ကြောင်းနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းသည် နိုင်ငံတော်၏ အနာဂတ်စီမံချက်များအတွက် အထောက်အကူဖြစ်စေရုံသာမက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်စေရေးအတွက် အဓိကကျ၍ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။



(ဝဲပုံ) **ဇော်ထက်(သရက်)**



**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာစာရင်းကောက်ကွက်အသီးသီး၌ အောက်တိုဘာ ၁ရက် နံနက်ပိုင်းက စတင်ကောက်ယူကြ သည်။

ထိုသို့ ကွင်းဆင်းကောက်ယူရာတွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၁ အုပ်စုတို့၌ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ကွက်ပေါင်း ၁၆၂ ကွက်အား စာရင်းကောက်၊စာရင်းစစ် ၇၀ ဦးတို့က ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိနေအိမ်များသို့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပါ အချက်အလက်များကို Mobile Tablet များဖြင့် အိမ်ထောင်စုမေးခွန်းများ မေးမြန်းခြင်း၊ အဖွဲ့အစည်း မေးခွန်းပုံစံများ မေးမြန်းခြင်းတို့ကို တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

*- *- *- *- *

**မင်းဘူး အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်မှ စတင်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် တစ်အိမ်တက်ဆင်း မေပြင်ကွင်းဆင်းပြီးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စာရင်ကောက်ယူရေးအဖွဲ့များ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းအဖွဲ့များက အောက်တိုဘာ ၁ရက် နံနက်ပိုင်းမှ စတင်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ကွင်းဆင်းကောက်ယူဆောင်ရွက်လျက်ရှိရာ အဆိုပါဆောင်ရွက်နေမှုများကို မင်းဘူးခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ပြီး မြို့ပေါ်ရပ်ကွက်ကြီး ၇ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၆၇ အုပ်စု၊ ကျေးရွာပေါင်း ၁၅၀မှ စာရင်းကောက်ကွက် စုစုပေါင်း ၄၁၈ တွင် စာရင်းစစ်၊ စာရင်းကောက် ၁၄၉ ဦးနှင့် ပူးပေါင်းအဖွဲ့များက ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် စာရင်းကောက်ယူရေးလုပ်ငန်းများကို တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။



(ဝဲပုံ) (၅၀၀)

**မိတ္ထီလာ အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို အောက်တိုဘာ ၁ရက် နံနက် ၈ နာရီက စတင်ကောက်ယူလျက်ရှိရာ အဆိုပါကောက်ယူမှုအခြေအနေအား တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု အားပေးခဲ့သည်။

မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို စာရင်းစစ် ၅၉ဦးနှင့် စာရင်းကောက် ၂၂၃ဦး၊ စုစုပေါင်း ၂၈၂ဦးတို့ဖြင့် ကောက်ကွက် ၇၁၂ကွက်အား အောက်တိုဘာ ၁ ရက်မှ စတင်၍ ကောက်ယူလျက်ရှိရာ ၄င်း ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုကို ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မြို့နယ်အတွင်းရှိ ကောက်ကွက် ၇၁၂ ကွက်အား အိမ်ထောင်စု ကောက်ကွက် ၅၄ဖွဲ့ဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၆၉)



**ကျောက်ပန်းတောင်း အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း၊ စာရင်းစစ်၊ စာရင်းကောက်လုပ်ငန်းများကို အောက်တိုဘာ ၁ရက် နံနက်ပိုင်းမှ စတင်၍ ရပ်ကွက်၊ ကျေးရွာများတွင် ကောက်ကွက်အလိုက် စတင်ဆောင်ရွက်နေပြီဖြစ်ရာ အဆိုပါ စာရင်းစစ်၊စာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ကျောက်ပန်းတောင်းမြို့နယ်၌ စာရင်းကောက်အဖွဲ့ဝင် ၁၇၇ဦးနှင့် စာရင်းစစ်အဖွဲ့ဝင် ၅၂ဦး၊ စုစုပေါင်း ၂၂၉ဦးဖြင့် ကောက်ကွက်ပေါင်း ၆၃၆ကွက်တွင် စာရင်းစစ်၊ စာရင်းကောက်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေခြင်းဖြစ်ရာ အဆိုပါသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ရပ်ကွက်၊ ကျေးရွာများသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်တို့က လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြပြီး၊ စာရင်းကောက်အဖွဲ့များ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ တာဝန်ရှိသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး၊ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ) (၄၅၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာရေးအခြေခံမကောင်းပါက မိမိအတွက် သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...

❖ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဘာသာရေးအသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုအသင်းအဖွဲ့များမှ ခေါင်းဆောင်များနှင့် တွေ့ဆုံ၊ ကရုဏာလက် လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှ လူငယ်များအား ဆန်နှင့် စားသုံးဆီများ ထောက်ပံ့

မြစ်ကြီးနား အောက်တိုဘာ ၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်နယ်အတွင်းရှိ ဘာသာရေးအသင်းအဖွဲ့ ၁၆ ခုမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံသည်။




**ဝိုင်းဝန်းဆွေးနွေးအဖြေရှာ**

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့နိုင်ငံနှင့် မိမိတို့ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆွေးနွေးအဖြေရှာညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဘာသာတရား၏ အဆုံးအမအောက်တွင် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေး ဆုတောင်းဆက်ကပ်အပ်နှံ ပေးကြရေးနှင့် ပေါင်းစပ် ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် အားလုံးက ပွင့်လင်းရင်းနှီးစွာ တင်ပြဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တွေ့ဆုံပွဲအခမ်းအနား တက်ရောက်လာကြသည့် ဘာသာရေးအသင်းအဖွဲ့ အသီးသီးမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက သာသနာပြုလုပ်ငန်းများတွင် လိုအပ်ချက်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်း ဆောင်ရွက်ပေးကြပြီး ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်(KBC)မှ သိက္ခာတော်ရဆရာတော်နှင့် ကက်သလစ်အသင်းတော်ဖာသာတို့က ဆုတောင်းဆက်ကပ်ပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ အဆိုပါအစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ခုမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး အတွက် အားလုံးပါဝင်နိုင်သော ဆွေးနွေးပွဲကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ တိုင်းရင်းသားမျိုးနွယ်စုခေါင်းဆောင်များအနေဖြင့် မိမိတို့ပြည်နယ်/မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးအတွက် ပါဝင်သင့်သည့်နေရာမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

**ညှိနှိုင်းပေါင်းစပ်ပေး**

ယင်းနောက် တိုင်းရင်းသားခေါင်းဆောင်များက စာပေယဉ်ကျေးမှုနှင့် အမွေအနှစ်များ ထိန်းသိမ်းရာတွင် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဖြည့်စွက်သုံးသပ်ရှင်းလင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ညှိနှိုင်းပေါင်းစပ်၍ ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ကရုဏာလက်လူငယ်ပြုစုပျိုးထောင်ရေး စခန်းသို့ သွားရောက်ပြီး စခန်းအတွက် ဆန်အိတ် ၅၀၊ ဆီ ၁၀ ပိဿာပုံး ၁၀ ပုံးနှင့် ငွေကျပ် သိန်း ၅၀ ကို ကျောင်းတာဝန်ခံထံ ထောက်ပံ့ပေးအပ်သည်။ **သတင်းစဉ်**

## မြဝတီကို အနိုင်ယူကာ လက်ကျန်နစ်ပွဲအလို၌ပင် ချန်ပီယံဖြစ်ခဲ့သည့် ISPE အသင်း

Myanmar Women League 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ(Week-19)ပွဲစဉ် တစ်ပွဲအဖြစ် ယနေ့ ညနေက စလင်းကွင်း ၌ မြဝတီအသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ကြပြီး ISPE အသင်းက ခုနစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ISPE အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၀၊ ၁၂၊ ၄၆ မိနစ်များတွင် အသင်းခေါင်းဆောင် လင်းမြင့်မို၊ ပွဲချိန် ၃၆ မိနစ်တွင် မိုးမိုးသန်း၊ ပွဲချိန် ၃၉၊ ၇၄ မိနစ်များတွင် သင်းဇာချို၊ ပွဲချိန် ၄၃ မိနစ်တွင် ဟေမာနံစိုးတို့က အသီးသီးသွင်းယူပေးခဲ့ကြပြီး မြဝတီအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် ဖြူဖြူဝင်းက သွင်းယူပေးခဲ့သည်။

ISPE အသင်းသည် ယနေ့ နိုင်ပွဲကြောင့် ရမှတ် ၄၄ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှစ်မှတ်ကွာဟခဲ့သည့်အတွက် လက်ကျန်နှစ်ပွဲအလို၌ပင် ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

ISPE အသင်းသည် လက်ကျန်နှစ်ပွဲအဖြစ် ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်အသင်းတို့နှင့် ကစားရန် ကျန်ရှိနေသေးသည်။ **(NGB)**

